# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့၊ (13-10-2011)(၆၉၁၁)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ မီးမြင်းမိုရ်တာဝတိံသပွဲ ခြိမ့်ခြိမ့်သဲ ဆင်နွှဲ

နေပြည်တော် အောက်တိုဘာ ၁၂

**ဝါလကင်းလွတ် သီတင်းကျွတ်လပြည့်နေ့သည် မြန်မာတို့၏ ဗုဒ္ဓဘာသာအနှစ်သာရ၊ ယဉ်ကျေးမှုအနှစ်သာရတို့ဖြင့်ထုံမွမ်းကာ မီးမြင်းမိုရ်ပွဲခေါ် တာဝတိံသာပွဲ၊ ပဝါရဏာပွဲ၊ ဝါကျွတ်ပွဲ၊ မိဘ ဆရာနှင့် အသက်ဂုဏ်ဝါ ကြီးမြင့်သူတို့အား ပူဇော်ပွဲ၊ အဘိဓမ္မာအခါတော်ပွဲ စသည်တို့ကို ဆင်ယင်ကျင်းပသော နေ့ထူးနေ့မြတ်ဖြစ်သည်။**

မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်၌ ဝါတွင်းကာလပတ်လုံး အဘိဓမ္မာဒေသနာတော်ကို အကျယ်နည်းဖြင့် မိန့်မြွက်တော်မူခြင်းပြီးဆုံး၍ လူ့ပြည်သက်သမြို့သို့ နတ်ပြဟ္မာပရိသတ်များခြံရံကာ ပြန်လည်ဆင်းသက် ကြွမြန်းတော်မူသဖြင့် လူပရိသတ်တို့က ကြိုဆိုဖူးမြော်ခြင်းကို အကြောင်းပြုကာ ရှေးအစဉ်အဆက်မှ ယနေ့ထက်တိုင် ဆီမီးရောင်စုံတို့ဖြင့် ညီထွန်းပူဇော်သော မီးထွန်းပွဲတော်ကို ကျင်းပ လာခဲ့ကြခြင်း ဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၃ သို့✳**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း အိန္ဒိယသမ္မတနိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ



နေပြည်တော် အောက်တိုဘာ ၁၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီး များနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့တွင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့✤**

**အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးတို့က နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (အပေါ်ပုံ) (သတင်းစဉ်)

ကြေးမုံ The Mirror
၁၃-၁၀-၂၀၁၁
(ကြာသပတေးနေ့)

# စိုက်ပျိုးရေးနည်းပညာတိုးပွားအောင် ကြံဆောင်

နိုင်ငံ၏လူဦးရေအများစုသည် ကျေးလက်ဒေသနေ တောင်သူလယ်သမားများဖြစ်သည်။ လယ်ယာ၊ သားငါးကုန်ထုတ်လုပ်မှုများကို အများစုက လုပ်ကိုင်နေကြသည်။ ကျေးလက်ဒေသကုန်ထုတ်လုပ်ငန်းများ တိုးတက်မှု၊ စီးပွားရေးတိုးတက်မှုတို့သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကြီးမားသောအခန်းကဏ္ဍက ပါဝင်နေသည်။

နိုင်ငံ၏စီးပွားရေးသည် စိုက်ပျိုးရေးကိုအခြေခံလျက်ရှိရာ ကျေးလက်ဒေသများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ပြည်သူများ၏ ဝင်ငွေတိုးတက်ရရှိရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးတို့သည် ရှေ့တန်းတင် အလေးထားဖော်ဆောင်ကြရမည့် လုပ်ငန်းစဉ်များ ဖြစ်လာနေပေပြီ။

ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူလယ်သမားများ တစ်သွေးတည်း တစ်သားတည်း ပူးပေါင်းဆောင်ရွက်ကြရပေမည်။ အထူးသဖြင့် စိုက်ပျိုးရေးနည်းပညာအားနည်းနေသော တောင်သူလယ်သမားများအား ဖေးမကူညီလက်တွဲ ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

စိုက်ပျိုးရေးပညာရှင်များအနေဖြင့် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်တာဝန်ယူကြရပေမည်။ တောင်သူလယ်သမားများ အမှန်တကယ် ဝင်ငွေတိုး အကျိုးရှိစေမည့် စပ်မျိုးစပါး မျိုးစေ့များအပါအဝင် အခြားသီးနှံများပါ တစ်ဧကအထွက်တိုးသည့် မျိုးစေ့များ သုတေသနပြု ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းကြရပေမည်။

တစ်ဧကအထွက်တိုးသည့် မျိုးစေ့များကို အသုံးပြုရုံသာမက စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းမှုလည်း ရှိရပေမည်။ ပညာရှင်ဝန်ထမ်းများအနေဖြင့် သုတေသန လုပ်ငန်းများမှသည် တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်အရောက် စိုက်ပျိုးရေးနည်းပညာများ လက်ဆင့်ကမ်း ဝေငှပေးသွားကြရပေမည်။ ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းလုပ်ကိုင်ရန်ဆန္ဒရှိသော တောင်သူလယ်သမားများ စိုက်ပျိုးရေးနည်းပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိအသုံးချနိုင်ရေး အားပေးကူညီကြရမည်ဖြစ်သည်။

ယခုအခါ ခေတ်မီစံပြစက်မှုလယ်ယာ တောင်သူပညာပေးစိုက်ကွင်းများ လုပ်ကိုင်နေပြီ။ ဟင်းသီးဟင်းရွက် သစ်သီးဝလံများ ပျိုးထောင်စိုက်ပျိုး ပြသလျက်ရှိသည်။ ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း၊ ချက်ချင်းနုတ် ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုးနေမှု၊ မိုးစပါးပညာပေး စိုက်ပျိုးထားမှုများကို တောင်သူများအား ပညာပေးပြသလျက်ရှိသည်။ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူလယ်သမားများ ပူးပေါင်းပြီး စိုက်ပျိုးရေးနည်းပညာရပ်များ ပိုမိုသိရှိအသုံးချနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း မြစ်ကြီးနားပညာရေးကောလိပ်၏ သတ္တမအကြိမ် လုပ်ငန်းခွင်အကြိုဆရာအတတ်သင်ပညာ ကျွမ်းကျင်မှုဒီပလိုမာ အပ်နှင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မြစ်ကြီးနားပညာရေးကောလိပ် သတ္တမအကြိမ်လုပ်ငန်းခွင်အကြို ဆရာအတတ်သင်ပညာ ကျွမ်းကျင်မှုဒီပလိုမာအပ်နှင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန မြစ်ကြီးနားပညာရေးကောလိပ်၏ သတ္တမအကြိမ် လုပ်ငန်းခွင်အကြိုဆရာအတတ်သင်ပညာ ကျွမ်းကျင်မှုဒီပလိုမာအပ်နှင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားပညာရေးကောလိပ်၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက အမျိုးသားလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားတိုးတက်ရေး၊ ကျောင်းသား လူငယ်တို့အား ပညာတတ်မြောက်အောင် သင်ကြားပေးရေး၊ ကိုယ်ကျင့်တရားကောင်းမွန်အောင် ပြုစုပျိုးထောင်ရေး၊ ဥပဒေနှင့်စည်းကမ်းများ လေးစားလိုက်နာတတ်အောင် လေ့ကျင့်ပေးရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်၊ ခိုင်မြဲသည့်အသိတရား ပြုစုပျိုးထောင်ပေးရေးအတွက် တိုင်းပြည်နှင့်လူမျိုး၏ အားကိုးအားထားပြုထိုက်သော ဆရာကောင်း ဆရာမွန်များက ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျံ၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်နှင့် ဆရာ ဆရာမများ၊ ပညာရေးဒီပလိုမာဘွဲ့ရမိဘများနှင့် ဆရာအတတ်သင်ပညာဒီပလိုမာလက်မှတ်ရ ကျောင်းသား၊ ကျောင်းသူ ၁၉၂ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆရာဝန်အသင်း(ဗဟို) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆရာဝန်အသင်း(ဗဟို)၏ ပြည်သူ့သွားနှင့် ခံတွင်းစောင့်ရှောက်မှုကွင်းဆင်းအဖွဲ့ (Dental Public Health Section) ခေါင်းဆောင် ဒေါက်တာဦးအောင်သန်းနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ စီစဉ်ပေးမှုဖြင့် မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် အများပြည်သူများအား မုဒုံမြို့ ကမာဝက်ကျေးရွာနှင့် ကော့ကပုံကျေးရွာတို့၌ သွားနှင့် ခံတွင်းကျန်းမာရေးပညာပေးဟောပြောခြင်း၊ သွားနှင့်ခံတွင်းစစ်ဆေးပေးပြီး သွားနုတ်ကုသခြင်း၊ သွားပိုးစားရောဂါကုသခြင်းနှင့် သွားခံတွင်းသန့်ရှင်းခြင်းတို့ကို ကုသဆောင်ရွက်ပေးခဲ့သည်။**(ယာပုံ)** (ကြေးမုံ)





# မျက်မမြင်လမ်းလျှောက်ပွဲ မော်တော်ယာဉ်သွားလာမှု ခေတ္တပိတ်ထားမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား အကြိမ်(၂၀)မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

လမ်းလျှောက်ပွဲကျင်းပမည့် လမ်းကြောင်းမှာ ပြည်လမ်း ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှေ့မှ တာလွှတ်၍ ပြည်လမ်း၊ ဘုန်းကြီးလမ်း၊ မဟာဗန္ဓုလလမ်းအတိုင်း မြို့တော်ခန်းမရှေ့၌ ပန်းဝင်မည်ဖြစ်သည်။

လမ်းလျှောက်ပွဲကျင်းပမည့် လမ်းတစ်လျှောက်တွင် နံနက် ၅ နာရီမှ နံနက် ၈ နာရီအထိ မော်တော်ယာဉ်များ သွားလာမှုကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (၁၅)ကြိမ်မြောက် ရေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းဆင်းပွဲတွင် မြန်မာသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်မြင့်ဦး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။** (ကြေးမုံ)

# ဇီဝိတဒါနဆေးရုံ အုတ်မြစ်ချအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဇီဝိတဒါန သံဃာ့ဆေးရုံဆောက်လုပ်ရန် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၆ ရက်က ဘုရားသုံးဆူတောင်ပေါ်ကြီးကျောင်း၌ ကျင်းပရာ နိုင်ငံတော် သြဝါဒါစရိယ မဟာဗောဓိကိုးထောင် အောင်သပြေ ကမ္မဋ္ဌာန်းကျောင်းဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စနှင့် ကျိုက်ထိုမြို့ပေါ်မှ ဆရာတော်ကြီးများက နဝရတ်ကိုးပါး အုတ်မြစ်တော်များ ချပေးသည်။

ဇီဝိတဒါနဆေးရုံဖြစ်မြောက်ရေးအတွက် အလျားပေ ၂၀၀၊ အနံပေ ၁၀၀ရှိ မြေပေါ်တွင် ခုတင် ၁၀ လုံးဆံ့ ပေ ၈၀ ပတ်လည်သံကူကွန်ကရစ် တစ်ထပ် အုတ်အဆောက်အအုံ တည်ဆောက်သွားမည်ဖြစ်ရာ စေတနာရှင် အလှူရှင်များသည် ဖုန်း-၀၉-၄၉၂၇၄၆၈၁ နှင့် ၀၉-၄၉၈၀၉၂၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၃-၁၀-၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၃ | ၁။ | နိုင်ငံတော်သီချင်း |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၂၀ | ၃။ | မေ့မ္မပူဇာတေး |
| ၇း၃၅ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၄၀ | ၅။ | မြန်မာ့ရှုခင်း |
| ၇း၄၅ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | ဇာတ်လမ်းတို |
| ၈း၂၅ | ၁၂။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၂ | ၁။ | နိုင်ငံတော်သီချင်း |
| ၄း၀၃ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | ဇာတ်လမ်းတို |
| ၄း၃၀ | ၅။ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၃၅ | ၆။ | ဗွီစီဒီကျော်ကြားတေး |
| ၄း၄၅ | ၇။ | မွေးမြူသုတ |
| ၄း၅၀ | ၈။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၁၀။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၀၈)** |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၅ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၃။ | ထူးဆန်းထွေလာ မျက်လှည့်ပညာ |
| ၆း၄၅ | ၁၄။ | ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၆၅) |
| ၇း၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၁၅)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | ဒို့တာဝန်အရေး(၃)ပါး |
| | ၁၉။ | နိုင်ငံတကာသတင်း |
| | ၂၀။ | မိုးလေဝသသတင်း |
| | ၂၁။ | အနုပညာရှင်၏တစ်နေ့တာ |
| | ၂၂။ | မှတ်တမ်း |
| | ၂၃။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၂၅)** |

# မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်အား စစ်ဆေးတွေ့ရှိပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

အများပြည်သူဆိုင်ရာလမ်းများပေါ်၌ မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်အား သက်သေခံလက်မှတ်၊ ယာဉ်နံပါတ်ပြား၊ ယာဉ်နှင့်သက်ဆိုင်သော အထောက်အထားများကို အတုအပပြုလုပ်ခြင်း၊ အခြားသူ၏ ယာဉ်နံပါတ်အား အစားထိုးတပ်ဆင် အသုံးပြုခြင်းများကို စစ်ဆေးတွေ့ရှိပါက ၁၉၆၄ မော်တော်ယာဉ်ဥပဒေ အခန်း(၆)၊ ပုဒ်မ (၂၁)နှင့် ပုဒ်မ (၂၈)အရလည်းကောင်း၊ ၁၉၄၇ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ) အက်ဥပဒေ ပုဒ်မ ၅ (၁)၊ ၅ (၃) အရလည်းကောင်း ယာဉ်မောင်းနှင်သူအား ဖမ်းဆီးတရားစွဲဆို၍ ယာဉ်အား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူသွားမည်ဖြစ်ကြောင်းဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။ (သတင်းစဉ်)

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

**၁၂-၁၀-၂၀၁၁**

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၉၄၈ | ၀. ၀၃၂၄၇ |
| တရုတ် (ယွမ်) | ၆. ၃၆၂၉၉ | ၀. ၁၅၇၁၆ |
| အိန္ဒိယ (ရူပီး) | ၄၈. ၉၅၅၀ | ၀. ၀၂၀၄၃ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၄၂၅၀ | ၀. ၃၁၈၂၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၇၆၅၀ | ၀. ၇၈၃၃၉ |
| ဂျပန် (ယန်း) | ၇၇. ၁၉၆၃ | ၀. ၀၁၂၉၅ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၆၄. ၈၀ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၂၅၆၄ | ၁. ၃၇၈၀၉ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၅၄၀ | ၁. ၅၇၃၈၁ |

**အင်တာနက်။**

**✤ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ**

အဖွဲ့ဝင်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)




# ရေဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၂

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် အထူးစီမံကိန်းကြီးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်နေသော ရေဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးလုပ်ငန်းခွင် ရန်ကုန်ဘက်ကမ်းသို့ရောက်ရှိပြီး ချဉ်းကပ်လမ်းကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အရှည်ပေ ၁၂၀ ရှိ ထိပ်ဝကြီးအင်းတံတား တည်ဆောက်ပြီးစီးမှုနှင့် ချဉ်းကပ်လမ်းမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တံတားချဉ်းကပ်လမ်းအား အမာခံသိပ်သည်းမှုရရှိအောင် အထပ်ထပ်ခင်းကြိတ်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။**

ယင်းနောက် ဧရာဝတီတံတား (ညောင်တုန်း) ပုသိမ်ဘက်ကမ်းမှ ရန်ကုန်ဘက်ကမ်းသို့ တံတားကြမ်းခင်းခြင်းလုပ်ငန်းများ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ပြီးစီးမှုကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေး၍ ရန်ကုန်ဘက်ကမ်း၌ ချဉ်းကပ်(ကား/ရထား)တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုသိမ်ဘက်ကမ်း ချဉ်းကပ်တံတား၌ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ချဉ်းကပ် (ကား/ရထား)တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တံတားကြီးအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထား ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဧရာဝတီတံတား(ညောင်တုန်း)၏ ခန်းဖွင့်ဖွဲ့စည်းပုံမှာ မီတာ ၁၂၀ အရှည် ၁၆ ခန်း၊ မီတာ ၁၀၀ အရှည် နှစ်ခန်း၊ မီတာ ၆၀ အရှည် နှစ်ခန်း စုစုပေါင်းအခန်း ၂၀ ပါရှိပြီး တံတားကြီးကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် တံတားအထူးအဖွဲ့ သုံးဖွဲ့၊ လမ်းအထူးအဖွဲ့ သုံးဖွဲ့၊ လေယာဉ်ကွင်းအထူးအဖွဲ့ တစ်ဖွဲ့ စုစုပေါင်း ခုနစ်ဖွဲ့ဖြင့် အင်အားဖြည့်၍ နေ့/ညလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)



**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရေဝတီတံတား(ညောင်တုန်း) တံတားကြမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၃-၁၀-၂၀၁၁ (ကြာသပတေးနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ငရဲမီးငြိမ်းသောက်ရေစင်" တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၅၅)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၉၇)**
- ၈း၅၀ Activities In The City -(ဒီရေတောနှင့် သဘာဝပတ်ဝန်းကျင်ကွန်ရက်အဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး) -(မြန်မာ-မလေးရှားစက်မှုပြပွဲ)
- ၉း၂၀ မန္တလေးမြို့ Diamond Plaza မှ iora
- ၉း၄၀ Intellectual Talk (မြတ်နိုးလေ့လာ မြန်မာမှုအနုပညာ) (မြန်မာမှုဒီဇိုင်းသုတေသီ ဦးအေးမြင့်၊ မျိုးမြတ်သူ)
- ၁၀း၃၀ Activities In The City [မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)၏ ဆေးဝါးမိတ်ဆက်ပွဲ]
- ၁၀း၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၂၀ The Champion of Dance
- ၁၁း၅၀ **MRTV-4 ကာတွန်းအစီအစဉ်**
- ၁၂း၂၀ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
- ၁၂း၃၀ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး နှစ်တစ်ရာပြည့်အထိမ်းအမှတ် (အပိုင်း-၅)
- ၁း၀၀ "ငရဲမီးငြိမ်းသောက်ရေစင်" တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Quiz Idol
- ၃း၀၀ ဂီတသံစဉ်အလှဆင်(ဟေမာနေဝင်း)
- ၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၅၅)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၉၇)**
- ၅း၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "၁၃. . . ၃၁"
- ၅း၂၅ Yangon Airways ၏ (၁၅)နှစ်ပြည့် အခမ်းအနား
- ၅း၃၅ ဓာတ်ပုံထဲမှအမှတ်တရများ (တွယ်တာ)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၅၆)**
- ၇း၁၀ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (တောသူယူတာကောင်းတယ်၊ မြို့သူယူတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၉၈)**
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၀ အားကစားမြင်ကွင်းစုံ
- ၁၁း၀၅ သန့်လေးသန့်နှင့် အနုပညာရှင်များ (ဒေါက်တာခင်မောင်လွင်၊ ဒါရိုက်တာကြည်စိုးထွန်း)
- ၁၁း၄၀ Shooting Location(ဇီဇဝါခြံ)
- ၁၂း၀၀ ရွှေတိုင်းမြို့မှ ဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
- ၁၂း၁၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (ပန်းခရမ်းပြာ လန်းဖြာဖြာ)
- ၁၂း၃၀ စကားဝါမြေ၏ အိုအေစစ် (Popa Mountain Resort)
- ၁၂း၅၀ Celebrity Profile (Justin Timberlake)
- ၁း၂၅ နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
- ၁း၄၀ ပြင်ဦးလွင်မှ ပြင်ဦးလွင်စတား ဆွယ်တာလုပ်ငန်း
- ၂း၀၀ နံနက်ခင်းအလှ
- ၂း၁၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Lucky Prize)
- ၂း၃၅ အတ္တရံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
- ၂း၄၅ ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
- ၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၀ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
- ၄း၁၅ ငြိမ့်ညောင်းသာယာ တယောပညာ (တယောဦးတင်ရီ)
- ၄း၃၅ လောကအလင်းရောင် ဝိပဿနာဉာဏ်တန်ဆောင်
- ၄း၄၅ ထူးခြားသောဘူမိအနေအထားနှင့် ဖူးမဝသော ကျိုက်ထီးရိုးစေတီ
- ၅း၀၀ အစီအစဉ်ပြီး။

## ကုသိုလ်ဖြစ် မသဲဆေးခန်းမှ ယောကျာ်းလေးသုံးမွှာပူး အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေး

**ပုသိမ် အောက်တိုဘာ ၁၂**

ပုသိမ်မြို့ အမှတ်-၂ အုပ်ချုပ်ရေးရပ်ကွက် ယိုးဒယားကုန်းလမ်း မသဲကုသိုလ်ဖြစ်ဆေးခန်း၌ မွေးလူနာအဖြစ် တက်ရောက်နေသော ပုသိမ်မြို့နယ် ရွာသစ်ကျေးရွာအုပ်စု မဒေါ့ကုန်းကျေးရွာနေ တောင်သူ ဦးစောကြာဒွေး၏ ဇနီးဖြစ်သူ မနော်ယဉ်လေး အသက်(၄၁)နှစ် (အဘ ဦးစောဂျော်နီ)က အောက်တိုဘာ ၇ ရက် (သောကြာနေ့) နံနက် ၁၀ နာရီ ၂၈ မိနစ်တွင် ယောကျာ်းလေး သုံးမွှာပူးကို အောင်မြင် စွာ ခွဲစိတ်မွေးဖွားပေးခဲ့သည်။

အဆိုပါ သုံးမွှာပူးမွေးဖွားသည့် မိခင်ဖြစ်သူမှာ ပထမသားဦး (၁၈)နှစ်၊ ဒုတိယသမီး (၁၃)နှစ်၊ တတိယသမီး (၁၁)နှစ်တို့ကို မွေးဖွားခဲ့ပြီး ယခု စတုတ္ထအကြိမ် ကိုယ်ဝန်ဆောင်စဉ် သုံးမွှာပူး ယောကျာ်းလေး မွေးဖွားခြင်းဖြစ်သည်။

ကုသိုလ်ဖြစ်မသဲဆေးခန်းမှ တာဝန်ခံ ဆရာဝန်ကြီး ဦးစောသန်းထော်၊ ဒေါက်တာနန်းအိရွှေစင်၊ ဒေါက်တာမိုးချစ်စံ၊ ဒေါက်တာကောင်းမြတ်ထက်တို့က ကျွမ်းကျင်စွာ ခွဲစိတ်မွေးဖွားပေးမှုကြောင့် မိခင်နှင့်အတူ အမွှာကလေးသုံးဦးစလုံးကျန်းမာလျက်ရှိကြောင်း သိရသည်။

(၅၅၂)



**တနင်္သာရီ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် ထားဝယ်ရိုးရာ သပိတ်မျှောပွဲ တက်ရောက်ကြည်ညို ပူဇော်စဉ်။**

(သတင်းစဉ်)

## ထားဝယ်မြို့၌ သီတင်းကျွတ်ဆီမီးပူဇော်ပွဲများနှင့် ထားဝယ်ရိုးရာ သပိတ်မျှောပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

**သီတင်းကျွတ်ဆီမီးပူဇော်ပွဲများနှင့် ထားဝယ်ရိုးရာ သပိတ်မျှောပွဲတို့ကို အောက်တိုဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်နှင့် ဇနီးတို့ တက်ရောက်ကြည်ညိုကြသည်။**

ထားဝယ်မြို့ ရွှေတောင်စား စေတီတော်မြတ် ဆီမီးတစ်သောင်း ပူဇော်ပွဲကို အောက်တိုဘာ ၁၁ ရက် ညပိုင်းတွင် အဆိုပါ စေတီတော်၌ ကျင်းပရာ ဂေါပကအဖွဲ့နှင့် အများပြည်သူတို့က ဆီမီးငါးထောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆီမီးငါးထောင်တို့ကို ထွန်းညှိပူဇော်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့ တက်ရောက် ကြည်ညိုပြီး ဘုရားရှင်အားရည်မှန်း၍ ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်း ဖူးမြော်ကြည်ညိုကာ ဆီမီးထွန်းညှိပူဇော်ကြသည်။

ဆက်လက်၍ လောကမာရဇိန် ဘုရားကြီး ဆီမီးပူဇော်ပွဲနှင့် သီတင်းကျွတ်လပြည့်နေ့ အရုဏ်ဆွမ်း၊ သစ်သီး ဆက်ကပ်ပူဇော်ပွဲအတွက် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုကြည်ညိုကြသည်။

ထို့နောက် ထားဝယ်မြို့ ကရပ်ပြင်ရပ်ကွက်ရှိ ရှင်ပင်ခရုဘုရား၌ ကျင်းပသည့် သီတင်းကျွတ် ဆီမီးတစ်ထောင် ပူဇော်ပွဲသို့ တက်ရောက်ကြည်ညိုကြပြီး ရှင်ပင်ခရုစေတီတော်အား ပန်း၊ ဆီမီး၊ ရေချမ်းတို့ဖြင့် ပူဇော်ကန်တော့ကာ ရင်ပြင်တော်ရှိ ဆီမီးတစ်ထောင် ပူဇော်နေမှုကို လှည့်လည်ကြည့်ရှုအားပေး၍ ဆီမီးများ ထွန်းညှိပူဇော်သည်။

ဆက်လက်၍ ထားဝယ်မြို့ ခုံဝင်းဒပ်ရပ်ကွက်ရှိ ရှစ်မြောင့်စေတီတော် ဆီမီးတစ်ထောင်ပူဇော်ပွဲသို့ ရောက်ရှိကြပြီး စေတီတော်၌ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်၍ သီတင်းကျွတ် မီးထွန်းပွဲတော်အဖြစ် ဆီမီးများ ထွန်းညှိပူဇော်ကာ ဆီမီးပူဇော်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ထားဝယ်မြို့ ဘုမ္မော်ရပ်ကွက်ရှိ ရပ်တော်မူဘုရားကြီးသို့ ရောက်ရှိကြပြီး ရပ်တော်မူဘုရားကြီးအား ပန်း၊ ဆီမီး၊ ရေချမ်းတို့ဖြင့် ပူဇော်ကန်တော့ကြကာ ဘုရားကြီးရင်ပြင်တော်၌ ကျင်းပသည့် သီတင်းကျွတ် ဆီမီးငါးထောင်ပူဇော်ပွဲ၌ ဆီမီးများ ထွန်းညှိပူဇော်၍ ဆီမီးပူဇော်မှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ယနေ့ သီတင်းကျွတ်လပြည့်နေ့ နံနက် ၃ နာရီတွင် ထားဝယ်မြို့ ဒေါင်းငူရပ်ကွက်ဆိပ်ကမ်း၌ကျင်းပသည့် ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်အား ရည်စူး၍ ဆွမ်းတော်သပိတ် ကပ်လှူပူဇော်သည့် ထားဝယ်ရိုးရာ သပိတ်မျှောပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီး ပြည်သူများနှင့်အတူ ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်အား ရည်စူး၍ ထားဝယ်မြစ်အတွင်းသို့ အရုဏ်ဆွမ်းတော် ရွှေသပိတ်နှင့် ငွေသပိတ်တို့ကို မျှောလွှတ်ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်ကြမည့် အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်များနှင့် အကဲဖြတ်ပညာရှင်များ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၂

**နေပြည်တော်၌ ပဉ္စမအကြိမ်အဖြစ်ကျင်းပမည့် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်များနှင့် အကဲဖြတ်ပညာရှင်များသည် ယနေ့တွင် မော်တော်ယာဉ်များ၊ မီးရထားများဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။**

နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးမှ အကဲဖြတ်ပညာရှင်များ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များသည် မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ အကဲဖြတ်ပညာရှင်များ၊ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်များ၊ လေ့လာရေးအဖွဲ့ဝင်များနှင့် ဗဟိုဒိုင်အဖွဲ့ဝင်များသည် ရထားများဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ အကဲဖြတ်ပညာရှင်များ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များသည် မော်တော်ယာဉ်များဖြင့်လည်းကောင်း နေပြည်တော်သို့ အသီးသီးရောက်ရှိလာကြသည်။

အဆိုပါ အဖွဲ့များအား (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ ကြိုဆိုရေးအဖွဲ့ဥက္ကဋ္ဌ ရဲမှူးကြီး ထွန်းအုံးနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ခင်၊ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြပြီး မော်တော်ယာဉ်များဖြင့် တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။

ထို့အတူ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကြမည့် ကျန်ရှိနေသော တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ အကဲဖြတ်ပညာရှင်များ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များသည်လည်း အောက်တိုဘာ ၁၃ ရက်တွင် မြန်မာ့မီးရထားဖြင့်လည်းကောင်း၊ မော်တော်ယာဉ်များဖြင့်လည်းကောင်း ဆက်လက်ရောက်ရှိလာကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကြမည့် ချင်းပြည်နယ်မှ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်များနှင့် အကဲဖြတ်ပညာရှင်များ နေပြည်တော်သို့ ရထားဖြင့် ရောက်ရှိလာကြစဉ်။** (သတင်းစဉ်)



**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကြမည့် ဧရာဝတီတိုင်းဒေသကြီးမှ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်များနှင့် အကဲဖြတ်ပညာရှင်များ နေပြည်တော်သို့ ရထားဖြင့် ရောက်ရှိလာကြစဉ်။** (သတင်းစဉ်)



# တံတားဦး အထက အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၁၂**

တံတားဦး အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပရေးနှင့် ပညာသင်ထောက်ပံ့ရေး ငွေပဒေသာပင်စိုက်ထူရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ယင်းအထက်တန်းကျောင်း၌ ကျင်းပရာ တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းပုနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းတို့က အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၄ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ညှိနှိုင်းသဘောတူခဲ့ကြသည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒေါက်တာကျော်တင် ဖုန်း-၀၉-၄၃၁၀၂၉၈၁၊ ကိုရဲလင်းသူ ဖုန်း-၀၉-၂၀၂၄၉၉၄ နှင့် ကိုစိုးမိုးအောင် ဖုန်း-၀၉-၂၀၂၁၂၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

**စာ ပေ မြင့် မှ လူ မျိုး တင့် မည်**

## နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ



**အောက်တိုဘာ ၁၂ ရက်က ပေကျင်းရှိ ပြည်သူ့မဟာခန်းမဆောင်ကြီး၌ ရုရှားဝန်ကြီးချုပ်နှင့် တရုတ်သမ္မတတို့ တွေ့ဆုံ ဆွေးနွေးခြင်းမပြုမီ တွေ့ရစဉ်။**

# ဝန်ကြီးချုပ်ပူတင်နှင့် သမ္မတဟူကျင်တောင် တွေ့ဆုံ ဓာတ်ငွေ့ရောင်းချရေးကိစ္စ ဆွေးနွေး

ပေကျင်း အောက်တိုဘာ ၁၂

**ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်သည် တရုတ်သမ္မတ ဟူကျင်တောင်နှင့် အောက်တိုဘာ ၁၂ရက်တွင် မြို့တော် ပေကျင်း၌ တွေ့ဆုံဆွေးနွေးကြောင်း တရုတ်သတင်းဌာနများက အောက်တိုဘာ ၁၂ရက်တွင် သတင်းထုတ်ပြန်သည်။**

ဝန်ကြီးချုပ်ပူတင်က လာမည့်သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်နေသည်ဟု မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့ပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ် ပြည်ပခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ပူတင်သည် အောက်တိုဘာ ၁၁ရက်က တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံ ဓာတ်ငွေ့အရောင်းအဝယ် ပြုလုပ်ရေးသဘောတူညီချက် ရရှိရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

ကမ္ဘာပေါ်တွင် စွမ်းအင်သုံးစွဲမှု အကြီးဆုံးနိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် ရုရှားနိုင်ငံမှ ဓာတ်ငွေ့ဝယ်ယူခွင့်ရရှိရန် ကြိုးပမ်းနေခဲ့သည်မှာ ကာလအတန်ကြာမြင့်ခဲ့ပြီဖြစ်သည်။

ဓာတ်ငွေ့အရောင်းအဝယ်ပြုလုပ်ရေး သဘောတူညီချက် ပေါ်ထွက်လာရန် နှစ်နိုင်ငံဆွေးနွေးမှုများ ပြုလုပ်နေကြောင်း၊ သို့ရာတွင် ပူတင်၏နှစ်ရက်ကြာ ခရီးစဉ်အတွင်း အပြီးသတ်သဘောတူညီချက် ရနိုင်ဖွယ်မရှိကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

**ဆင်ဟွာ။**

# အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်ကို သိပ္ပံပြတိုက်သို့ တရားဝင်လွှဲပြောင်းပေးအပ်

**လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၁၂**

အာကာသခရီးစဉ်များအတွက် အသုံးပြုခြင်းမှ အနားပေးလိုက်ပြီဖြစ်သော အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်၏ ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်းများကို အမေရိကန်အာကာသအေဂျင်စီ(နာဆာ) က လော့စ်အိန်ဂျလိစ်မြို့ရှိ ကာလီဖိုးနီးယားသိပ္ပံပြတိုက်သို့ အောက်တိုဘာ ၁၁ရက်တွင် တရားဝင်လွှဲပြောင်းပေးအပ်လိုက်ကြောင်း နာဆာ၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

မျိုးဆက်သစ်အာကာသရေးရာ စူးစမ်းလေ့လာသူများပေါ်ထွန်းလာစေရေးတွင် အထောက်အကူပြုနိုင်ရန်ရည်ရွယ်လျက် အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်ကို ကာလီဖိုးနီးယားသိပ္ပံပြတိုက်သို့ လွှဲပြောင်းပေးအပ်ရခြင်းဖြစ်ကြောင်း နာဆာအုပ်ချုပ်ရေးမှူး ချားလ်ဘော်လ်ဒင်က ထုတ်ပြန်သောကြေညာချက်၌ ဖော်ပြသည်။

အမေရိကန်နိုင်ငံ၏ အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းတွင် ယခုအခါ အခန်းကဏ္ဍသစ် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ်မောင်မယ်များသည် နေစကြဝဠာစနစ်အတွင်း စူးစမ်းလေ့လာမှုများကို ဆက်လက်ပြုလုပ်သွားကြမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အင်ဒဲဗားအာကာသယာဉ်ဟောင်းကို သိပ္ပံပြတိုက်၌ ခင်းကျင်းပြသထားခြင်းဖြင့် မျိုးဆက်သစ်လူငယ်များအတွက် သိပ္ပံနှင့် အင်ဂျင်နီယာပညာရပ်တို့၌ ပိုမိုစိတ်ဝင်စားလာစေရန် စိတ်ဓာတ်ရေးရာအရ ခွန်အားပေးနိုင်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ။**



# ဘဂ္ဂဒက်၌ ဗုံးခွဲတိုက်ခိုက် လူ ၂၀ ထက်မနည်း သေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၁၂**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ လူ ၂၀ ထက်မနည်းသေဆုံးပြီး လူ ၆၀ ဒဏ်ရာရရှိကြောင်း ပရက်စ်တီဗွီသတင်းဌာနက အောက်တိုဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

### တိုက်ခိုက်

မြို့တော်ဘဂ္ဂဒက်ရှိ ရဲစခန်းနှစ်ခုကို ဗုံးခွဲတိုက်ခိုက်သူနှစ်ဦးက သီးခြားစီတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့လယ် ကာရာဒါရှိ ရဲစခန်း၏ ဝင်ပေါက်အတွင်းသို့ ဗုံးများတင်ဆောင်ထားသောကားကို အတင်းမောင်းဝင်ကာ အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။

### ကားဗုံးခွဲ

ဒုတိယမြောက် တိုက်ခိုက်မှုမှာ ဘဂ္ဂဒက် အနောက်မြောက်ပိုင်း အယ်လ်ဟာရီယာရပ်ကွက်ရှိ ရဲစခန်း၏ စစ်ဆေးရေးဂိတ်ကို ကားဗုံးခွဲကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

**အင်တာနက်။**



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H. E. Mr. Christop Burgener ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H. E. Mr. Christop Burgener ခေါင်းဆောင်သော အဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ရှင်းလင်းတင်ပြခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၂

**ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများသို့ စီမံကိန်းဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာကိစ္စများ ရှင်းလင်းတင်ပြခြင်းနှင့် တိုင်းဒေသကြီး၏ (၅)နှစ်စီမံကိန်း ပြန်လည်ဖြည့်စွက်ရေးဆွဲခြင်းအတွက် ညှိနှိုင်းရှင်းလင်းခြင်း အခမ်းအနားသို့ တက်ရောက်၍အမှာစကားပြောကြားသည်။**

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်ဝင်းမြင့်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန အကြံပေး ဒေါ်မြသူဇာတို့က သက်ဆိုင်ရာအလိုက် ရှင်းလင်းတင်ပြကြသည်။

**ဝိုင်းဝန်းပူးပေါင်း**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ပဉ္စမကာလတို(၅)နှစ် စီမံကိန်း ဖြည့်စွက်ပြင်ဆင်ရေးဆွဲခြင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ပဉ္စမကာလတို(၅)နှစ်စီမံကိန်း လျာထားချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း (၈)ရပ်နှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် မြို့နယ်အလိုက် စီမံကိန်းရေးဆွဲထားခြင်းများကို တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Council for the Promotion of International Trade (CCPIT) ဒုတိယဥက္ကဋ္ဌ Mr. Dong Songgen ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



# ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် CCPIT ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Council for the Promotion of International Trade (CCPIT) ဒုတိယဥက္ကဋ္ဌ Mr. Dong Songgen ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ GMS Business Summit ကို မြန်မာနိုင်ငံ၌ ဒီဇင်ဘာလတွင် ကျင်းပမည့်ကိစ္စနှင့် GMS- BF လုပ်ငန်းများတွင် CCPIT က ကူညီပူးပေါင်းဆောင်ရွက်ပေးရေးကိစ္စ၊ ယူနန်ပြည်နယ် ကူမင်းမြို့၌ UMFCCI ရုံးခွဲဖွင့်လှစ်ရန် စီစဉ်နေခြင်းကို CCPIT မှ ကူညီမှုပေးရန်ကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)



## နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၉)၊ အမှတ်(၁)ထုတ်ဝေ



ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၉)၊ အမှတ်(၁)ကို ထုတ်ဝေလိုက်သည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် အရည်အသွေးတိုးတက်မြင့်မားရေး၊ အသိပညာဗဟုသုတပြည့်ဝစေရေး၊ ဝန်ထမ်းကျင့်ဝတ်၊ တာဝန်နှင့် စည်းကမ်း လိုက်နာစောင့်ထိန်းစေရေးအတွက် အထောက်အကူပြုသည့် ပညာရပ်ဆိုင်ရာ ဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ် ထုတ်ဝေလျက်ရှိသည်။

ယခုဂျာနယ်တွင် ဒေါက်တာမောင်မောင်၏ "My Politics"၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်(လှိုင်သင်း)၏ "ကျေးဇူးတရား"၊ အဖွဲ့ဝင် ဒေါက်တာမြင့်အောင်၏ "ကိုရီးယားသမ္မတနိုင်ငံ ခရီးစဉ်"၊ ဦးကျော်ဝင်း၏ "အကျဉ်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ"၊ ဦးတင်ကိုဝင်း၏ "ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ နောက်ခံသမိုင်းနှင့် လုပ်ငန်းတာဝန်ဆောင်ရွက်ချက်များ"၊ အမှတ်တရပုံရိပ်များကဏ္ဍတွင် အဖွဲ့ဝင်(ငြိမ်း) ဦးလှမြင့်ဦး(ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ)၏ "နိုင်ငံ့ဝန်ထမ်းဘဝ ကိုယ်ရေးမှတ်တမ်း"၊ ပြည်တွင်းပြည်ပ နိုင်ငံ့ဝန်ထမ်းရေးရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများ၊ အထွေထွေကဏ္ဍများ ပါဝင်သည်။

အဆိုပါ ဂျာနယ်ကို နေပြည်တော်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇) ဝင်းသူဇာအရောင်းဆိုင်နှင့် မြို့မဈေး မြတ်ရွှေတောင်စာပေ၊ ပျဉ်းမနားတွင် သရဖူစာပေဉယျာဉ်နှင့် သော်တာစန်း စာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့၌ တစ်အုပ်လျှင် ၂၀၀၀ ကျပ်ဖြင့် ဝယ်ယူနိုင်သည်။

## Pivot Table စာအုပ်ထွက်ရှိ



Pivot Table ကို အသုံးပြု၍ Data များကို တူညီရာအလိုက် Grouping များခွဲ၍ လေ့လာခြင်း၊ ၎င်း Data များ၏ ဆက်နွယ်ပတ်သက်မှုများကို ရှာဖွေစိစစ်ခြင်း၊ Largeamount of Data များကို Meaningful Information အဖြစ်သို့ ပြောင်းလဲဖော်ပြနိုင်ခြင်းစသည်တို့ကို အချိန်တိုအတွင်း ကောင်းစွာ ပြုလုပ်နိုင်သည် သာမက Row Field, Column Field များကိုလည်း Drag And Drop ပြုလုပ်ကာ Data များကို Perspective မျိုးစုံမှ ကြည့်ရှုနိုင်ပါသည်။ Excel ၂၀၀၃ နှင့် ၂၀၀၇ ဖြင့် လွယ်ကူစွာ လေ့လာနိုင်ပါသည်။

ထိုစာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇) (၃၉)လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅၊ ၀၉-၅၀၅၆၈၄၃ က ဖြန့်ချိလိုက်သည်။

## ဘဲငါးရာတောင်ပေါ်က ရတနာသိုက်စာအုပ်ထွက်ရှိ



ဘဲငါးရာတောင်ပေါ်က ရတနာသိုက်ဝတ္ထုသည် ရာဇဝင်ကို အခြေခံရေးသားထားသော ဝတ္ထုဟု ဆိုနိုင်သော်လည်း သက်တိုင်းရင်းသားတို့၏ မထင်မရှား ပျောက်ကွယ်နေသော ရာဇဝင်တစ်ပိုင်းတစ်စကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ရှားပါးဝတ္ထုတစ်ပုဒ်ကား အမှန်ပင်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ဖြန့်ချိရေး မိုးကျော်စာပေ အမှတ်( ၃၈၅/၃၈၇)၊ (၂၉)လမ်းနှင့် ရွှေဘုံသာလမ်း (အထက်) ဖုန်း-၇၀၄၂၉၇၊ ၃၈၉၅၅၈၊ ၀၉-၇၃၀၂၉၅၉၁က ဖြန့်ချိလိုက်သည်။

## နိုင်ငံ့ရတနာဆုံးမစာများ စာအုပ်ထုတ်ဝေ



ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူရတနာမြတ်မင်္ဂလာအဖွဲ့၏ ပဓာနနာယက ဆရာတော် အရှင်ဩဘာသ ပြုစုပြီး ဦးချိုအေးထုတ်ဝေသော "နိုင်ငံ့ရတနာဆုံးမစာများ" စာအုပ်ထွက်ရှိလာသည်။ ယင်းစာအုပ်တွင် မြန်မာ့လူ့အဖွဲ့အစည်း၏ ယဉ်ကျေးသော လူနေမှု ပုံစံများ၊ လူအချင်းချင်း တစ်ဦးနှင့်တစ်ဦး စုရုံးပေါင်းသင်း နေထိုင်ဆက်ဆံရာတွင် သိသင့်သိထိုက်သော ကိစ္စများ၊ ပြည်သူ့နီတိ၊ လောကနီတိတို့အပြင် ရှေးပညာရှိကြီးများ၏ မှတ်သားဖွယ်ရာ ဆုံးမစာအချို့ကို စုစည်း၍ လူကြီးလူငယ်မရွေး လေ့လာမှတ်သားနိုင်ရန် ပြုစုထားပြီး တန်ဖိုးမှာ ငွေကျပ် ၄၀၀ ဖြစ်ကာ စာမျက်နှာ ၆၄ မျက်နှာပါရှိ၍ ဝယ်ယူလိုသူများအနေဖြင့် ဇမ္ဗူရတနာမြတ်မင်္ဂလာအဖွဲ့နာယက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဦးအောင်ကြည်မြင့် ဖုန်း-၀၉-၅၁၉၇၇၇၇၊ ၂၅၂၇၇၇ တို့သို့ ဆက်သွယ်နိုင်သည်။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃-၁၀-၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၁၅ ၈။ အကပဒေသာ
- ၈း၂၅ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊ အရေး အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [အခြေခံပညာ(၁၀-၁၅)အဆင့်] (အမျိုးသား၊အမျိုးသမီး)
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ "သန့်စွာကိုင်လေစက္ကူငွေ"
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ ဂီတသံစဉ်အလှဆင်
- ၅း၂၀ ၈။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၅း၃၅ ၉။ "မျက်စိအမြင်ရှင်သန်ရေး ပဏာမမျက်စိကျန်းမာရေး စောင့်ရှောက်ပေး"
- ၅း၅၀ ၁၀။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၇၀)**
- ၆း၃၅ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြွံကြွံဖန်ဖန်အမွေဆိုင်" (အပိုင်း-၃၄)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **"အစာလည်းဆေး၊ ဆေးလည်းအစာ"**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး နောက်ဆုံးချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၉)**
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၉၉)**
- ၂၂။ အစီအစဉ်ပြီး၏။

# အနာဂတ်ဘဝလုံခြုံရေး သဘာဝဘေးအန္တရာယ် ကာကွယ်ပေး

## ဖြူလဲ့လဲ့ထွန်း(ကယ်ဆယ်ရေး)

ယနေ့ ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများနှင့်အတူ သဘာဝဘေးများသည် အချိန်အခါမရွေး ဖြစ်ပွားလျက်ရှိပြီး ၎င်းတို့၏ အဖျက်စွမ်းအားသည်လည်း လူ့စွမ်းအားအရင်းအမြစ်များနှင့် ပိုင်ဆိုင်မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများအားလုံးကို တစ်ခဏအတွင်း ပျောက်ပျက်သွားစေနိုင်သည်အထိ ပြင်းထန်လာလျက်ရှိနေပါသည်။ ထိုသဘာဝဘေးများ၏ အဖျက်စွမ်းအားသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းတည်ဆောက်ရာတွင် များစွာနှောင့်နှေးကြန့်ကြာမှုဖြစ်စေနိုင်သည့်အပြင် ရှိနှင့်ပြီးသော အရင်းအမြစ်များစွာကို ဆုံးရှုံးရပြီး ပြန်လည်ဖြည့်ဆည်းမှုပြုနိုင်ရန်မှာလည်း အချိန်၊ ငွေကြေးစသည်ဖြင့် အရင်းအနှီးများစွာ ပေးဆပ်ရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံများသည် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ လျှော့ပါးစေရေးလုပ်ငန်းများကို အထူးအလေးပေး ဆောင်ရွက်လာလျက်ရှိနေပါသည်။ အသက်၊ အိုးအိမ်စည်းစိမ်များနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများအား သဘာဝဘေးအန္တရာယ်များ၏ တိုက်ခိုက်မှုမှကာကွယ်သွားရန်မှာ နိုင်ငံသားတိုင်းနှင့်သက်ဆိုင်သော တာဝန်တစ်ရပ်ဖြစ်လာခဲ့ပြီး မိမိတို့၏ အနာဂတ်ဘဝလုံခြုံရေးအတွက် သဘာဝဘေး အန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို လူတိုင်း ပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ကမ္ဘာမြေကြီးပေါ်တွင် နေထိုင်ကြကုန်သော သတ္တဝါအားလုံးတို့သည် မိမိတို့၏ အသက်ရှင်ရပ်တည်သွားနိုင်ရေးအတွက် အကောင်းဆုံး ကြိုးပမ်းအားထုတ်နေကြသူများဖြစ်သည်။ သက်ရှိလူနှင့် တိရစ္ဆာန်တိုင်းသည် အသက်ရှင်နေရုံနှင့်လည်း မလုံလောက်နိုင်သေးဘဲ ကောင်းမွန်စွာရပ်တည်နိုင်ရေးအတွက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လုံးပမ်းလျက်ရှိကြပါသည်။ ထိုအထဲတွင် လူသားတို့၏ ကြိုးစားအားထုတ်မှုသည် အပြင်းထန်ဆုံးဖြစ်ကြောင်း တွေ့နိုင်ပါသည်။

လူသားဟူသည်မှာ အသိဉာဏ်အကောင်းဆုံး သတ္တဝါပင်ဖြစ်သည်။ ထိုကောင်းမွန်သော အသိဉာဏ်ကိုအခြေခံသည့် တီထွင်ဆန်းသစ်မှုများကြောင့်ပင် ယနေ့ကမ္ဘာကြီးသည် အလွန်ခေတ်မီတိုးတက်လျက်ရှိပြီး နေထိုင်မှုအဆင့်အတန်းသည်လည်း တစ်ရှိန်ထိုး တိုးတက်လာလျက်ရှိနေပါသည်။ လူသားတို့အလိုရှိသည်မှာလည်း ထိုကဲ့သို့ ခေတ်မီဆန်းသစ်သည့် ရုပ်ဝတ္ထုများဖြင့် အသက်ရှင်စဉ်တွင် အကောင်းမွန်ဆုံးနေထိုင်သွားနိုင်ရေးပင်ဖြစ်ပါလိမ့်မည်။ ထို့ကြောင့်ပင် တစ်သက်စာ အလိုရှိရာရရှိရေးအတွက် နည်းလမ်းမျိုးစုံကျင့်သုံးလာကြပြီး ရယူသိမ်းပိုက်နေကြပါသည်။

ထိုကဲ့သို့ မိမိတို့၏ ယှဉ်ပြိုင်အားထုတ်မှုများကြောင့် ရရှိလာသည့် အကျိုးကျေးဇူးများကို သိရှိခံစားရင်း တစ်ဆင့်ထက်တစ်ဆင့် ပိုမို၍ ပိုင်ဆိုင်လိုစိတ်များ ဖြစ်ပေါ်လာကြသည့်အတွက် လူတစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယှဉ်ပြိုင်အနိုင်ရလိုမှုများ ပိုမိုဖြစ်ပေါ်လာရပါသည်။ အနိုင်ရလိုမှုများ များပြားလာသောအခါ ရိုးသားစွာ ယှဉ်ပြိုင်လာကြရာမှ အတ္တစိတ်များစွာဖြင့် ယှဉ်ပြိုင်လာကြပါသည်။ ထိုပြိုင်ဆိုင်မှုများ၏နောက်ကွယ်တွင် အန္တရာယ်ဆိုသည့်အရိပ်မည်းကြီးက ကပ်၍လိုက်ပါလျက်ရှိနေသည်ကိုမူ လူသားတို့ သတိမမူမိဖြစ်နေခဲ့ကြပါတော့သည်။

အကြောင်းမှာ လူသားတို့သည် မိမိတို့၏လိုလားချက်များ ရရှိစေရန်အတွက် ယှဉ်ပြိုင်ကြရာတွင် အသုံးပြုရသည့် စွမ်းအားအရင်းအမြစ်များကို မိမိတို့အား နေထိုင်ခွင့်ပေးထားသော ကမ္ဘာမြေကြီးထံမှလွဲ၍ ရယူအသုံးပြုနိုင်သည့်နေရာ မရှိနိုင်သေးပါ။ ကမ္ဘာမြေကြီးထံမှပင် ရယူသုံးစွဲနေကြရပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို လိုချင်တပ်မက်သော လူသားတို့၏ လောဘသည်လည်း မရပ်တန့်နိုင်ဘဲ ကျေးဇူးရှင်ကမ္ဘာမြေကြီး၏ စွမ်းအားများကို မညှာမတာ အလွန်အကျွံပင် ထုတ်ယူသုံးစွဲလာလျက်ရှိပါသည်။ သို့သော် ယူသာယူ၏။ ပြန်လည်ဖြည့်ဆည်းပေးခြင်းကား မရှိကြ။ ထို့ကြောင့်ပင် ကျွန်ုပ်တို့၏ ကမ္ဘာကြီးသည် ကိုယ်ခံစွမ်းအားများ ကျဆင်းလာခဲ့ရပြီး ပတ်ဝန်းကျင်မှ ရောဂါပေါင်းစုံ၏ ထိုးနှက်ချက်ဒဏ်ကို ခံစားလာနေရပြီ ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်များက ကမ္ဘာမြေကြီးအား မထီမဲ့မြင်ပြုလာခဲ့ပြီ ဖြစ်ပါသည်။

ထိုသို့ သဘာဝဘေးအန္တရာယ်များ အင်အားကြီးမားလာရခြင်း၏ အကြောင်းရင်းကိုကြည့်သော် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ခန့်က ကမ္ဘာ့လူဦးရေစုစုပေါင်းမှာ သန်း ၅၀ ခန့်ရှိခဲ့ရာမှ ယခုအခါ လူဦးရေသန်းပေါင်း ၇၀၀၀ ခန့် ရှိခဲ့ပြီဖြစ်သဖြင့် လူဦးရေမှာ အရှိန်အဟုန်ဖြင့် တိုးမြင့်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ထိုသို့ တိုးမြင့်လာသော လူဦးရေနှင့်အညီ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ကုန်သွယ်ရေးလုပ်ငန်းများပါ တိုးတက်လာခဲ့သည့်အပြင် လူတို့၏ စားဝတ်နေရေးနှင့် လူနေမှုစနစ် (Life Style)သည်လည်း သိသိသာသာ ပြောင်းလဲလာခဲ့ပါသည်။ တိုးပွားလာသော လူဦးရေနှင့် လူနေမှုစနစ်ပြောင်းလဲမှုတို့နှင့်အညီ လူသားတို့သည် မိမိတို့၏ ခေတ်မီဖွံ့ဖြိုးရေးလုပ်ငန်းများကို ထပ်မံတိုးချဲ့ဆောင်ရွက်လာကြရာတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထွက်သည့် ရုပ်ကြွင်းလောင်စာများဖြစ်သော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကို အလုံးအရင်းနှင့် ထုတ်ယူသုံးစွဲခဲ့ကြပါတော့သည်။ ဤသို့ ရုပ်ကြွင်းလောင်စာများကို နှစ်ပေါင်းရာနှင့်ချီ၍ အလွန်အကျွံထုတ်ယူသုံးစွဲမှုကြောင့် ကမ္ဘာ့လေထုတွင် ရာသီဥတုကို ထိန်းညှိပေးသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပမာဏသည် ရှိသင့်သည့်ပမာဏထက် ပိုမိုများပြားလာခြင်းကြောင့်လည်းကောင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို စုပ်ယူထိန်းသိမ်းပေးသော ကမ္ဘာ့သစ်တောများအား မိမိတို့အကျိုးစီးပွားအတွက် မတရားခုတ်ယူ အသုံးချသည့်အတွက် သစ်တောများပြုန်းတီးလာမှုကြောင့် လည်းကောင်း ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုများ ဖောက်ပြန်ပြောင်းလဲလာကာ သဘာဝဘေးများ ပြင်းထန်စွာဖြစ်ပွားလာခဲ့ရခြင်း ဖြစ်ပါသည်။ ထိုသဘာဝဘေးများကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် ကြီးမားသောပျက်စီးဆုံးရှုံးမှုများကို ယနေ့ ကြုံတွေ့နေကြရပြီဖြစ်ပါသည်။ ကမ္ဘာ့စွမ်းအားများကို မတရားထုတ်ယူသုံးစွဲပြီး ပြန်လည်ဖြည့်ဆည်းထိန်းသိမ်းမှုမပြုခြင်း၏ အကျိုးဆက်များပင်ဖြစ်ပါသည်။

မိမိတို့လူသားအချင်းချင်း အပြိုင်အဆိုင်တိုက်ခိုက်၍ အချိန်ပေးရင်းနှီးရယူခဲ့ရသော ပိုင်ဆိုင်မှုတို့သည် သဘာဝဘေးအန္တရာယ်များ၏ဒဏ်ကြောင့် တစ်ခဏချင်းပင် ပျောက်ကွယ်သွားရသည်ကို လူသားများ သိရှိလာခဲ့ပြီဖြစ်ပါသည်။ ယနေ့ကမ္ဘာပေါ်တွင် နေရာဒေသမရွေး၊ အချိန်မရွေး သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလျက်ရှိနေပါသည်။ မိမိတို့ ရင်းနှီးရယူထားရသည့် ခေတ်မီနည်းပညာများဖြင့် ကာကွယ်စေကာမူ သဘာဝဘေးက အနိုင်ယူဖျက်ဆီးသွားသည်သာ ဖြစ်ပါသည်။ မကြာသေးမီနှစ်များကို ပြန်ကြည့်မည်ဆိုလျှင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားစေခဲ့သော ဆူနာမီဘေး၊ ၂၀၀၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းဘေး၊ ၂၀၀၈ ခုနှစ် မေလတွင်ပင်ဖြစ်ပွားခဲ့သော တရုတ်နိုင်ငံ စီချွမ်ငလျင်ဘေး၊ ၂၀၁၀ ခုနှစ် ဇန်နဝါရီလတွင် ဖြစ်ပွားခဲ့သော ဟေတီငလျင်ဘေး၊ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်ပွားခဲ့သော ချီလီငလျင်ဘေး၊ ၂၀၁၀ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့သော ပါကစ္စတန်ရေဘေး၊ ၂၀၁၁ ခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သော ဂျပန်နိုင်ငံ ငလျင်နှင့် ဆူနာမီဘေးတို့နှင့် ကမ္ဘာတစ်ဝန်း ရေကြီးမှုဘေးတို့ကို ကြည့်ပါက လူသားအရင်းအမြစ်များစွာနှင့် ပိုင်ဆိုင်မှုများစွာကို အချိန်တိုအတွင်း သဘာဝဘေးအန္တရာယ်များက ဖျက်ဆီးအနိုင်ယူပြလိုက်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ လူသားတို့အတွက် သဘာဝဘေးအန္တရာယ်များ၏ စိန်ခေါ်မှုပင်ဖြစ်ပါသည်။

မိမိတို့ အချင်းချင်းစိန်ခေါ်မှုကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သော လူသားတို့သည် သဘာဝဘေးအန္တရာယ်များ၏ စိန်ခေါ်မှုကို တုံ့ပြန်အနိုင်ယူရန်အတွက် နည်းလမ်းမျိုးစုံအား စဉ်းစားလာခဲ့ရပါပြီ။ တစ်နိုင်ငံချင်းအလိုက် နည်းလမ်းများ ရှာဖွေကြံဆလျက်ရှိသကဲ့သို့ နိုင်ငံအချင်းချင်း၏ ပေါင်းစည်းမှုစွမ်းအားများကိုလည်း အသုံးချလာကြပြီ ဖြစ်ပါသည်။ မိမိတို့သိရှိထားသည့် နည်းပညာများအားလည်း ဖြန့်ဝေအသုံးပြုလျက်ရှိပါသည်။ ဘေးဒဏ်ခံရသည့် မည်သည့်နိုင်ငံသို့မဆို ကမ္ဘာ့နိုင်ငံအများမှ ဝိုင်းဝန်းကူညီဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ အခြား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်ဦးနှင့်တစ်ဦး နည်းပညာများလျှို့ဝှက်၍ အပြိုင်အဆိုင် ဆောင်ရွက်လာခဲ့သော်လည်း သဘာဝဘေးအန္တရာယ်များအား တွန်းလှန်အနိုင်ယူရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်လာလျက်ရှိနေကြောင်း တွေ့ရှိရပါသည်။ မိမိတို့၏အနာဂတ်ကို မိမိတို့ ပြန်လည်ထိန်းသိမ်းတည့်မတ်နေရသည့် အချိန်ကာလပင်ဖြစ်ပါသည်။ **လူသားများအားလုံး၏ အနာဂတ်ဘဝလုံခြုံရေးအတွက် သဘာဝဘေး၏ အန္တရာယ်များမှ ကာကွယ်ရန် လိုအပ်လာပြီဖြစ်ပါသည်။** လူသားတို့နှင့် သဘာဝဘေးအန္တရာယ်များ အားပြိုင်သည့်အချိန်ကာလဟုပင် သတ်မှတ်၍ရပါသည်။

ယခုအချိန်ကာလသည် လူသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းလက်တွဲ ဖြေရှင်းဆောင်ရွက်သွားရမည့် အချိန်ပင်ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ နှစ်စဉ်အောက်တိုဘာလ ၁၃ ရက်နေ့အား **အပြည်ပြည်ဆိုင်ရာသဘာဝဘေး လျော့ပါးရေးနေ့ (International Day for Disaster Reduction)** အဖြစ် သတ်မှတ်ပြီး တစ်ကမ္ဘာလုံးရှိ နိုင်ငံများအား သဘာဝဘေးလျှော့ချရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ကြရန်၊ ပူးပေါင်းဆောင်ရွက်ကြရန်၊ စည်းလုံးညီညွတ်ကြရန် လှုံ့ဆော်တိုက်တွန်းလျက်ရှိနေပါသည်။

ကမ္ဘာပေါ်ရှိနိုင်ငံများသည် ယခင်က သဘာဝဘေးအန္တရာယ်များ ကျရောက်လာမှသာ ဖြေရှင်းဆောင်ရွက်ခဲ့ကြသော်လည်း ယခုအခါ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်တွန်းလှန်ရန်အတွက် နည်းပညာများဖော်ထုတ်၊ နည်းလမ်းများ တီထွင်ကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်လာကြပါသည်။ နိုင်ငံများသည် မိမိတို့၏ စွမ်းအားဖြင့်သော်လည်းကောင်း၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်၍သော်လည်းကောင်း သဘာဝဘေး စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များဖြစ်သည့် သဘာဝဘေးဒဏ်လျှော့ချရေး၊ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေး၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လာလျက်ရှိပါသည်။ ထို့အပြင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် သဘာဝဘေးလျှော့ချရေး အစီအမံများကိုလည်း ထည့်သွင်းလုပ်ဆောင်လာလျက်ရှိပါသည်။

ထိုသို့ သဘာဝဘေးအန္တရာယ်များအား ကာကွယ်သည့် လုပ်ဆောင်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လာခဲ့ခြင်းမှာ လူသားထုတစ်ရပ်လုံးအတွက် ကာကွယ်မှုပြုခြင်းပင်ဖြစ်၍ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားရပါမည်။ သို့ရာတွင် ထိုအခြင်းအရာမှာ အားအင်ချည့်နဲ့နေသည့် လူတစ်ယောက်က မိမိအားရန်ပြုသူကို ကြိုးစားပမ်းစားဖြင့် ခုခံကာကွယ်နေသည်နှင့် တူနေသည်ဟု ထင်မြင်မိပါသည်။ ထိုလူသည် ကျန်းမာသန်စွမ်း၍ ခွန်အားဗလအပြည့်အဝရှိနေခဲ့ပါမူ ရန်ပြုသူအား အလွယ်တကူပင် ကာကွယ်တုံ့ပြန်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မိမိတို့ မှီတင်းနေထိုင်ရာ ကမ္ဘာကြီး ကျန်းမာသန်စွမ်းစဉ်က မိမိတို့အား ထိုကဲ့သို့ပင် ကာကွယ်ပေးခဲ့ပါသည်။ သဘာဝဘေးများသည် မိမိတို့အား အန္တရာယ်ပေးနိုင်စွမ်းမရှိခဲ့ပါ။ လာသမျှသော ဘေးများအား မိမိတို့ကမ္ဘာကြီးမှ တိုက်ထုတ်ပေးခဲ့ပါသည်။ မိမိတို့အား နေထိုင်ခွင့်ပေးခဲ့သော၊ ကာကွယ်မှုပြုပေးခဲ့သော၊ သာယာလှပမှုများပေးခဲ့သော၊ လူသားများ၏ အကောင်းဆုံး အသက်ရှင်ရပ်တည်မှုအတွက် မိမိ၏စွမ်းအားအရင်းအမြစ်များဖြင့် အမြဲဖြည့်ဆည်းပေးခဲ့သော၊ နောက်ဆုံးတွင် မိမိအား ဒဏ်ရာပေးခဲ့သော လူသားများ၏ အသုံးမဝင်တော့သည့် ခန္ဓာများကိုပင် မိမိနားခိုခွင့်ပေးပြီး ကာကွယ်မှုပြုပေးခဲ့သော ကျေးဇူးရှင်ကမ္ဘာမြေကြီးပင် ဖြစ်ပါသည်။

လူသားတို့ကမူ အတ္တနှင့် လောဘကိုဆုပ်ကိုင်၍ ကျေးဇူးရှင်ကိုပင် သတိမမူမိဘဲ မိမိတို့၏ အကျိုးစီးပွားအတွက် မိမိတို့ခြေဖဝါးအောက်တွင် တည်ရှိပေးနေသော ကျေးဇူးရှင်ကမ္ဘာမြေကြီးကိုပင် ခုခံနိုင်စွမ်းအားများယုတ်လျော့သွားသည်အထိ နှိပ်စက်ညှဉ်းပန်းခဲ့ကြပါသည်။ ယခုအချိန်တွင် ကမ္ဘာကြီးအနေဖြင့် မိမိတို့အားကာကွယ်ပေးချင်သော်လည်း မစွမ်းနိုင်ဖြစ်နေခဲ့ပြီး ပတ်ဝန်းကျင်မှ ဘေးအန္တရာယ်များသည်လည်း အားအင်ချည့်နဲ့နေသော ကမ္ဘာကြီးအား အလွယ်တကူပင် တိုက်ခိုက်လျက်ရှိပါသည်။ ကာကွယ်မှုမပြုပေးနိုင်တော့သည့် ကမ္ဘာကြီးပေါ်တွင်နေထိုင်ရင်း မိမိတို့တွင်ရှိသမျှ စွမ်းအားများဖြင့်သာ ရင်ဆိုင်နေရသည့် အခြေအနေသို့ ရောက်ရှိနေပါသည်။

သို့ပါ၍ မိမိတို့ လူသားများအတွက်ကိုသာကြည့်၍ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေရုံမျှလောက်ဖြင့် မလုံလောက်ဘဲ ကမ္ဘာကြီးအား ပြန်လည်အားဖြည့်ပေးရန် မဖြစ်မနေလိုအပ်လျက်ရှိနေပါပြီ။ မိမိတို့၏ အမှားအတွက် ပြန်လည်ဖြည့်ဆည်းပေးရန်မှာ လူသားအားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။ မိမိတို့ကြောင့် ဆုံးရှုံးလျော့နည်းခဲ့ရသော ကမ္ဘာ့စွမ်းအင်များ၊ အရင်းအမြစ်များကို အမြန်ဆုံးပြန်လည်ရရှိအောင်၊ ပြန်လည်ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်ကြရပါမည်။ ပြန်လည်ကုစားပေးရမည့် အချိန်သို့ ရောက်ရှိလာပါပြီ။ မိမိတို့ မှီတင်းနေထိုင်ရာ ကမ္ဘာကြီး အားအင်ပြည့်ဝနေမှသာ လူသားမျိုးဆက်များ၏ အနာဂတ်သည်လည်း အေးချမ်းလုံခြုံမှု ပိုမိုရရှိစေနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ **"အနာဂတ်ဘဝလုံခြုံရေး သဘာဝဘေးအန္တရာယ် ကာကွယ်ပေး"** (Save My Future) ဆိုသည်မှာ လူသားများအတွက်သာဟု မမှတ်ယူဘဲ မိမိတို့၏ကမ္ဘာမြေကြီးအားလည်း စွမ်းအင်များ အမြန်ဆုံးပြန်လည်ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် စိမ်းလန်းသောကမ္ဘာကြီး၊ ခွန်အားပြည့်ဝသော ကမ္ဘာကြီးအဖြစ် တည်တံ့သွားနိုင်ရန် ကမ္ဘာကြီး၏အနာဂတ်ဘဝလုံခြုံရေးအတွက်လည်း အစွမ်းကုန်ဆောင်ရွက်ပေးသွားရမည်မှာ လူတိုင်း၏တာဝန်ပင်ဖြစ်ပါကြောင်း အလေးအနက် တိုက်တွန်းလိုက်ရပါသည်။ ။

# ဇေယျာသီရိနှင့်တပ်ကုန်းမြို့နယ်တို့၌ သီတင်းကျွတ်လပြည့် ကောင်းမှုကုသိုလ်ပွားများ

ယနေ့သည် ဝါလကင်းလွတ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည့် အားလျော်စွာ ဗုဒ္ဓဘာသာဝင် ပြည်သူများသည် တာဝတိံသာနတ်ပြည်၌ မယ်တော် သန္တုသိတနတ်သားအား အမျုးထား၍ အဘိဓမ္မာဒေသနာတော် ဟောကြားတော်မူပြီး တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ကြွချီလာသော မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ထွန်းညှိပူဇော်သော နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် အများပြည်သူများ၏ အားလပ်ရက်ဖြစ်၍ ဘုရားကျောင်းကန်များတွင် ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ဘာဝနာ ပွားများသူများနှင့် ဒေသအနှံ့ နေရာအနှံ့၌ စည်ကားသိုက်မြိုက်လျက်ရှိသည်။

ထို့အတူ ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲ ပုံနှိပ်ရေး



သီတင်းကျွတ်လပြည့်နေ့က ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းမိသားစုများ စုပေါင်း၍ ဆွမ်းသိမ်းအောင်ပွဲအဖြစ် သံဃာတော်များနှင့် ရှင်သာမဏေများအား အရုဏ်ဆွမ်း ဆက်ကပ်လောင်းလှူကြစဉ်။

သတင်း-မာမာစိုး
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

နှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စက်ရုံအတွင်း၌ စက်ရုံမိသားစုဝင်များနှင့် နေပြည်တော်သတင်းစာတိုက် မိသားစုဝင်များ စုပေါင်း၍ နံနက်အရုဏ်ဦးတွင် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် လောင်းလှူပြီး ဥပုသ်သီတင်းများ ဆောက်တည် ကုသိုလ်ပွားများကြသည်။

တပ်ကုန်းမြို့ မိုးယံကောင်းဆုတောင်းပြည့်ဘုရားတွင်လည်း မွန်းတည့် ၁၂ နာရီမှ ညနေ၃ နာရီအထိ အဘိဓမ္မာရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပသည်။ ညနေပိုင်းတွင် ဘုရားရင်ပြင်တော်တွင် ဆီမီးများ၊ အမွှေးနံ့သာများဖြင့် လာရောက်ပူဇော်ကြသော ဗုဒ္ဓဘာသာဝင် ပြည်သူများဖြင့် စည်ကားလှသည်။ ဘုရားစေတီများတွင်လည်း ဘုရားဖူးလာအများပြည်သူများဖြင့် ကြက်ပျံမကျ စည်ကားလှသည်။ နေအိမ်များ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် လမ်းများတစ်လျှောက်တွင် ဆီမီးများ၊ ရောင်စုံမီးကုံးများဖြင့် ညအလှမှာ သာယာလှသည့်အပြင် ကောင်းကင်ယံတွင်လည်း ရောင်စုံမီးပန်းများ၊ မီးပုံးပျံများမှာလည်း တာဝတိံသာမှ ကြွမြန်းလာသော မြတ်စွာဘုရားရှင်အား ဆီးကြိုပူဇော်နေသည့်ပမာ မြင်တွေ့ရသည်။

အလားတူ ဇေယျာသီရိမြို့နယ် ဝဲကြီးကျေးရွာ ဆင်ဖြူကျွန်းရိပ်သာတွင် မဟာပဝါရဏာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပသည်။**(အပေါ်ယာပုံ)**

ဆင်ဖြူကျွန်းရိပ်သာသို့ ကြွရောက်လာသော ရပ်နီးရပ်ဝေးမှ ဓမ္မစေ့သည်များနှင့် သံဃာတော်များအား ဆရာတော်က ဓမ္မဒါနအဖြစ် ဆွမ်း၊ စားသောက်ဖွယ်များဖြင့် ကုသိုလ်ပြုသည်။ ရိပ်သာ



အတွင်း၌ ပဝါရဏာကလေးမဲဖောက်ခြင်း၊ သံဃာတော်သိမ်တက်ခြင်း၊ ဆွမ်းဆန်လောင်းလှူခြင်းများ ပြုလုပ်ပြီးနောက် သံဃာတော် အပါး ၁၆၀ကို ငွေပဒေသာများ မဲဖောက်လှူဒါန်းကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ သူဌေးကုန်း၊ သံပုရာကုန်း၊ သရက်ပင် စသည့် တပ်ကုန်းမြို့ဝန်းကျင်မှ စေတနာရှင် ပြည်သူများ လာရောက် ဆွမ်းလောင်းလှူခြင်းဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် ကုသိုလ်ဒါနများ ပွားများကြသည်။ ။

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဝင်များအား ပို့ဆောင်နှုတ်ဆက်

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်ဘူတာကြီးသို့ သွားရောက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အနုပညာရှင်များ၊ သဘင်၊ ဂီတပညာရှင်များ၊ ကြီးကြပ်အုပ်ချုပ်သူများအား ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်အား တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်က ပြိုင်ပွဲဝင်များ သွားလာရေး၊ တည်းခိုနေထိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်များ စည်းကမ်းတကျ သွားလာနေထိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊ ပြိုင်ပွဲများကို အောင်နိုင်ရေးစိတ်ဓာတ်ဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြရန် မှာကြားပြီး ပြိုင်ပွဲဝင်အနုပညာရှင်များအား နှုတ်ဆက်အားပေးသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အနုပညာရှင် ၄၈၀၊ အုပ်ချုပ်ကြီးကြပ်သူ ၁၂၀ စုစုပေါင်း ၆၀၀ လိုက်ပါသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အနုပညာရှင်များ၊ သဘင်၊ ဂီတပညာရှင်များ၊ ကြီးကြပ်အုပ်ချုပ်သူများအား ရန်ကုန်ဘူတာကြီး၌ ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)





## ဒို့တွေယှဉ်တွဲနဲ့ကြစို့

* စာပေဂီတ၊ နအလုနှင့်
ရှန်းပသစ်လွင်၊ ရုပ်သေးခွင်နှင့်
သဘင်ဇာတ်က၊ သုခမသည်
မြန်မာ့ယဉ်ကျေးမှု၊ အစုစုရဲ့
အနုပညာ၊ မြတ်နိုးရာတည့်။

* ရိုးရာပုံပြ၊ မြန်မာမှု၏
ညွှန်းပြသီရာ၊ တေးကဗျာနှင့်
ဆိုကာတီးမှုတ်၊ ကကြိုးထုတ်၍
ဇာတ်ရုပ်ပီပြင်၊ ပွဲသဘင်ကို
ပျော်ရွှင်စွာနဲ့၊ အပြိုင်ကြဲမည့်
ပွဲကြီးပွဲကောင်း၊ အောင်စေကြောင်းကို
ဆုတောင်းမေတ္တာ၊ ပို့သပါ၏။

* ဆိုကရေးတီး၊ ပြိုင်ပွဲကြီးကား
ထီးထီးမားမား၊ စွမ်းပကားဖြင့်
ခမ်းနားထည်ဝါ၊ ဖွင့်လှစ်ပါပြီ
မြန်မာတို့နေ၊ မေတ္တာမြေကို
စိမ်းစေလန်းစေ၊ ဖွံ့ဖြိုးစေဖို့
ဒို့တွေယှဉ်တွဲနဲ့ကြစို့ ။ ။

ပန်းတောင်းသန်းကြွယ်

## လယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်းမှ ဒုတိယအကြိမ် လယ်ယာစိုက်ပျိုးစရိတ်ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု အေးချမ်းသာ လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း၏ ဒုတိယအကြိမ် လယ်ယာစိုက်ပျိုးစရိတ်များ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် အောင်ချမ်းသာ ကျေးရွာအုပ်စု ကံသာစံပြကျေးရွာ၌ ကျင်းပရာ မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးချစ်သန်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်မြင့်က အေးချမ်းသာ လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း ဥက္ကဋ္ဌ ဦးသန်းငွေထံ လယ်ယာစိုက်ပျိုးစရိတ် ငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်သည်။

အခမ်းအနားတွင် အေးချမ်းသာ လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသား တောင်သူ ၁၇၄ ဦးအား စိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ဧက ၁၀၀၀ အတွက် စုစုပေါင်း စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၃၀၀ ကို ထုတ်ချေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄) ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အသက်(၇၅) နှစ်ပြည့် အဖွဲ့ဝင်များ၊ မသန်စွမ်းအဖွဲ့ဝင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အဖွဲ့ဝင်များ၏ သား၊ သမီးများအား ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက်က ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များသို့ ထောက်ပံ့ငွေများပေးအပ်စဉ်။** (ကြေးမုံ)

## အထက(၆)မင်္ဂလာတောင်ညွန့် မြတ်ဆရာပူဇော်ပွဲကျင်းပရေး စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၁၂**

ဒီဇင်ဘာ ၁၁ ရက်တွင် ကျင်းပမည့် အထက(၆)မင်္ဂလာတောင်ညွန့်၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ညို ဖုန်း-၂၉၀၅၅၂၊ ကိုကိုဌေး ဖုန်း-၀၉-၅၀၂၇၄၈၃၊ ဦးတင်ထွန်းအောင် ဖုန်း-၀၉-၅၀၄၄၁၇၃၊ မသက်ထားဇာနည် ဖုန်း-၀၉-၅၀၉၇၇၆၀၊ ဒေါ်သန်းသန်းနွဲ့ ဖုန်း-၀၉-၄၉၂၈၂၇၉၀၊ မနိုင်မြင့်ဆွေ ဖုန်း-၀၉-၄၉၁၅၆၀၆၊ ဒေါ်ဝါဝါဦး ဖုန်း-၀၉-၅၁၁၃၉၀၃၊ မမြတ်မြတ်ထွေး ဖုန်း-၀၉-၇၃၀၀၃၃၉၆၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၉-၅၁၁၃၉၀၃၊မခိုင်ဆွေဦး ဖုန်း-၀၉-၄၃၀၂၈၈၄၀၊ ကိုထွန်းထွန်းဦး ဖုန်း-၀၉-၅၀၂၇၄၈၃၊ ကိုမြင့်သန်း ဖုန်း-၀၉-၄၉၃၀ ၃၅၉၃ နှင့် မစောသူဇာလှိုင် ဖုန်း-၀၉-၄၉၂၇၃၄၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



**ကွယ်လွန်သူ ဦးမောင်မောင်(B.O.C)(၂၁)နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဇနီး ဒေါ်မြတင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။** (ဇီဝိတဒါနသံဃာ့ဆေးရုံ)

## သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## ကျေးရွာပိုင်သစ်တောစိုက်ခင်းအား ပြုစုထိန်းသိမ်းဖြည့်စွက်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၂**

သစ်တောဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းခိုင်၊ သန်လျင်မြို့နယ် ဦးစီးအရာရှိ ဦးကျော်သူရတို့ ဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် ကျောက်တန်းမြို့နယ် အေးမြသီတာရပ်ကွက် အနောက်ပိုင်းကျေးရွာ ဒေသခံပြည်သူများ ပူးပေါင်း၍ စက်တင်ဘာ ၂၀ ရက်က ၂၀၀၉ ခုနှစ် မိုးရာသီ၌ ကျေးလက်အိမ်ရာထူထောင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု စိုက်ပျိုးခဲ့သည့် ကျေးရွာပိုင် တစ်ရွာတစ်ဧက ယူကလစ်စိုက်ခင်းရှိ ရှင်သန်ပင်များအား ပေါင်းမြက်၊ ပေါင်းရှင်း၊ မြေတောင်မြှောက်၊ မြေဩဇာကျွေးပြုစုခြင်းနှင့်အတူ ကွက်လပ်များတွင် ကြီးမြန်အော်ရီရှားပင်များ ဖြည့်စွက်စိုက်ပျိုးခြင်းတို့အား စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ယာပုံ)** (၅၂၇)



## အဘိဓမ္မာသင်တန်းဖွင့်ပွဲ ညောင်လေးပင်မြို့၌ ကျင်းပ

**ညောင်လေးပင် အောက်တိုဘာ ၁၂**

ပဲခူးခရိုင် ညောင်လေးပင်မြို့ရှိ ပညာဒါနကော်မတီမှ ကြီးမှူးကျင်းပသော အဘိဓမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် ညနေ ၆ နာရီက ညောင်လေးပင်မြို့နယ် ဘုရားကြီးလမ်း အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ထို့နောက် တက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများအား ရန်ကုန်မြို့မှ ဆရာမ ဒေါ်ညိုညိုသန်းက အဘိဓမ္မာတရားတော်၏ အနှစ်သာရနှင့် နာယူသင်ကြားရသော ကောင်းကျိုးတရားများကို ရှင်းလင်းပြောကြားကာ သင်တန်းဆက်လက်ပို့ချသည်။ အဘိဓမ္မာသင်တန်းကို ပညာဒါနကော်မတီမှ စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် အဘိဓမ္မာတရားတော်ထွန်းကားပြန့်ပွားရေး လေ့လာသင်ယူလိုသော ပါရမီရှင်များ အလွယ်တကူ သင်ယူခွင့်ရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကို အောက်တိုဘာ ၈ ရက်မှစ၍ ၁၀ ရက် တိုင်တိုင် နေ့စဉ် ညနေ ၆ နာရီခွဲမှ ည ၉ နာရီအထိ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

(၅၆၈)

☆ **ချင်းတွင်းမြစ်မှ**

စိုက်ပျိုးထိန်းသိမ်းကြရန်၊ စက်ရုံအလုပ်ရုံဝန်ထမ်းအိမ်ရာများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး အမြဲသတိပြုကြရန်တို့ကို မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ရှိ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၅) အထပ်သားစက်ရုံသို့ ရောက်ရှိပြီး သုံးထပ်သား၊ ငါးထပ်သား၊ ခုနစ်ထပ်သား၊ ဆယ့်တစ်ထပ်သား လိပ်၍ရသော အထပ်သား(Flexi-Plywood) စသည့် ပစ္စည်းများ ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီပြီး အဆင့်အတန်းမြင့်မားသည့် သစ်အချောထည်ပစ္စည်းများ ပိုမိုတိုးမြှင့်ထုတ်လုပ်သွားရန်၊ လက်ရှိတွင် အိန္ဒိယနိုင်ငံနှင့် ကိုရီးယားနိုင်ငံသို့ တင်ပို့လျက်ရှိရာမှ ဈေးကွက်သစ်များရှာဖွေထိုးဖောက်၍ နိုင်ငံခြားဝင်ငွေပိုမိုရရှိအောင် ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိုလည်း အထူးအလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် မုံရွာမြို့နယ် ဗောဓိတစ်ထောင် စိမ်းလန်းစိုပြည်ရေးဒေသ ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဗောဓိတစ်ထောင်ဒေသတည်ရှိရာ ကျောက္ကာ-ရွှေမြင်တင်ကာကွယ်တောအတွင်းရှိ သဘာဝတောကျန်များကို သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အစဉ်ထိန်းသိမ်းကာကွယ်သွားကြရန်တို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)



# KENBO Junior Golf Championship
# ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ HAN Golf Masters Pte., Ltd. နှင့် Aung Kan Bo Trading Co., Ltd. တို့က အဓိကကူညီပံ့ပိုးသည့် HAN Golf Masters Junior Golf Series 2011, KENBO Junior Golf Championship ပြိုင်ပွဲ၏ တတိယပွဲစဉ်ကို အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်မြို့မြန်မာဂေါက်ကလပ်(၉)မိုင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် သက်တန်းများအနေဖြင့် (၈)နှစ်မှ (၁၂)နှစ်၊ (၁၃)နှစ်မှ (၁၅)နှစ်၊ (၁၆)နှစ်မှ (၁၈)နှစ်နှင့် (၁၉)နှစ်မှ (၂၁)နှစ်အထိ ပြိုင်ပွဲလေးမျိုးခွဲခြား၍ စိန့်အင်ဒရူးဂေါက်စည်းမျဉ်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် စာရင်းပေးသွင်းသည့်အခါ မှတ်ပုံတင်(သို့မဟုတ်)သန်းခေါင်စာရင်းမိတ္တူ ယူဆောင်လာ၍ အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထားပြီး မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄နှင့် ၆၅၁၃၇၄နှင့် မြန်မာဂေါက်ကလပ်တို့၌ အမည်စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

# အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၂**

၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ အောက်တိုဘာ ၁၁ ရက်တွင် ပဒုမ္မာအားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အောက်တိုဘာ ၁၃ ရက်တွင် ပဒုမ္မာအားကစားကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး အောက်တိုဘာ ၁၆ ရက်တွင် အောင်ဆန်းအားကစားပြိုင်ဝင်း၌ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ထိုင်းနိုင်ငံတွင် ကျင်းပမည့် စစ်တုရင်ပြိုင်ပွဲသို့ မြန်မာစစ်တုရင်အဖွဲ့ သွားရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၁၂**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက် အထိ ကျင်းပမည့် 2nd RBSC Polo Club Prajuab Cup International စစ်တုရင်ပြိုင်ပွဲသို့ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ လက်ရွေးစင်ကစားသမားများဖြစ်သည့် ဝင်းဇော်ထွန်းနှင့် တင်အောင်ခန့်တို့ သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ အသင်းအုပ်ချုပ်သူ အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမောင်တင်နှင့် နည်းပြရဲတပ်သားနေဦးကျော်ထွန်းတို့လည်း လိုက်ပါသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

## နိုင်ငံတကာအနုပညာရပ်ဝန်း

# မစ္စတာဘီးန်၏ Johnny English Reborn ဇာတ်ကား ဗြိတိန်တွင် နံပါတ်တစ်နေရာရပ်တည်



နာမည်ကျော် ဟာသသရုပ်ဆောင် ရိုဝန်အတ်ကင်ဆန်း(မစ္စတာဘီးန်) ခေါင်းဆောင်ပါဝင်လှုပ်ရှားထားသည့် Johnny English Reborn ဇာတ်ကား **(ယာပုံ)**သည် ဗြိတိန်နိုင်ငံတွင် ရုပ်ရှင်ကြည့်ပရိသတ်အားပေးမှုအများဆုံး နံပါတ်တစ်နေရာတွင် ရပ်တည်လျက်ရှိကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။

ယင်းဇာတ်ကားသည် ၂၀၀၃ ခုနှစ်က Johnny English ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်သကဲ့သို့ ကမ္ဘာကျော်ဂျိန်းစ်ဘွန်းဇာတ်ကားများ၏ လျှို့ဝှက်သည်းဖိုအက်ရှင်စွန့်စားခန်းများကို ဒါရိုက်တာ အိုလီဗာ ပါကာက မစ္စတာဘီးန်၏ ဟာသပြကွက်များဖြင့် ပေါင်းစပ်ကာ ဟာသအက်ရှင်ဇာတ်ကားအဖြစ် ဖန်တီးရိုက်ကူးထားခြင်းဖြစ်သည်။

၎င်းဇာတ်ကားကို ဩစတြေးလျ၊ အိန္ဒိယ၊ ဟန်ဂေရီ၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဆလိုဗေးနီးယား၊ ထိုင်း၊ ယူကရိန်း အစရှိသည့် ကမ္ဘာတစ်ဝန်း နိုင်ငံအများအပြားသို့ စက်တင်ဘာ ၁၅ ရက်ကတည်းက ဖြန့်ချိပြသခဲ့ပြီး ဗြိတိန်နိုင်ငံတွင် အောက်တိုဘာ ၇ ရက်ကစ၍ ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**



# ကိုရီးယားမင်းသား ရိန်း စစ်မှုတာဝန်ထမ်းဆောင်

တောင်ကိုရီးယား အဆိုတော်၊ သရုပ်ဆောင်မင်းသား ရိန်း**(ဝဲပုံ)**သည် တောင်ကိုရီးယားအမျိုးသားတိုင်း မဖြစ်မနေထမ်းဆောင်ရမည့် စစ်မှုထမ်းတာဝန်ကို အောက်တိုဘာ ၁၁ ရက်က စတင်ထမ်းဆောင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံနှင့် အာရှတစ်လွှားတွင် နာမည်ကျော်လူကြိုက်များခဲ့သည့် အသက် (၂၉)နှစ်ရှိ ရိန်းသည် ၂၂ လကြာ စစ်မှုတာဝန်မထမ်းဆောင်မီ တောင်ကိုရီးယားနိုင်ငံ မြောက်ပိုင်း Uijeongbu တွင် အခြေခံစစ်ပညာသင်တန်းများ တက်ရောက်ရမည်ဖြစ်သည်။

စစ်မှုတာဝန်သွားရောက်ထမ်းဆောင်ရမည့် ရိန်း၏ နှုတ်ဆက်ပွဲအခမ်းအနားတွင် တောင်ကိုရီးယားနိုင်ငံမှ ရိန်း၏ ပရိသတ်များသာမက အာရှတစ်ဝန်းမှ ပရိသတ်များကပါ "သစ္စာရှိစွာစောင့်မျှော်နေပါမယ် ရိန်း" ဟူသော စာတန်းကတ်ပြားများကို ကိုင်မြှောက်၍ နှုတ်ဆက်အားပေးခဲ့ကြသည်။

"အခုလို လာရောက်နှုတ်ဆက်အားပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ရဲ့ အနုပညာ ၁၀ နှစ်ခရီးမှာ ကျွန်တော့်ကို ချစ်ခင်နှစ်သက်စွာ အားပေးခဲ့တဲ့ပရိသတ်များကို တန်ဖိုးထားလေးစားပါတယ်"ဟု ရိန်းက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံတွင် အသက် (၂၀)ကျော်သည့် အမျိုးသားတိုင်း မဖြစ်မနေစစ်မှုတာဝန်ထမ်းဆောင်ရန် ဥပဒေပြဋ္ဌာန်းထားသည်။ **အင်တာနက်။**

# အမေရိကန်တေးဂီတဆုအများဆုံးဆွတ်ခူးရန် ရေပန်းစားနေသည့် အဒီးလ်

ဗြိတိသျှအဆိုတော် အဒီးလ်သည် ၂၀၁၁ ခုနှစ် အမေရိကန်တေးဂီတဆုပေးပွဲတွင် တစ်နှစ်တာ အကောင်းဆုံးအဆိုတော်ဆု၊ လူကြိုက်အများဆုံးအမျိုးသမီးပေါ့ပ်အဆိုတော်ဆု၊ ရေပန်းအစားဆုံး ပေါ့ပ်တေးအယ်လ်ဘမ်ဆုနှင့် ခေတ်လူငယ်များကြားတွင် နာမည်ကျော်လူကြိုက်အများဆုံးတေးသံရှင်ဆုများတွင် အမည်စာရင်းတင်သွင်းခံရပြီး ဆုအများဆုံးလက်ခံရရှိရန် အလားအလာအကောင်းဆုံးအဆိုတော်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အဒီးလ်၏ နောက်တွင် လေဒီဂါဂါ၊ ကေတီပါရီ၊ လီလ်ဝိန်း၊ ရီဟန်နာ၊ တေလာဆွစ်ဖ်တို့က ဆုအမျိုးအစား သုံးခုစီဖြင့် လည်းကောင်း၊ ၎င်းတို့နောက်တွင် ဘီယွန်စေး၊ ဘရူနိုမားစ်၊ ချာရစ်ဘရောင်း၊ ဂျက်ဆင်အယ်လ်ဒန်၊ ကာညေးဝက်စ်၊ LMFAO တို့က ဆုအမျိုးအစားနှစ်ခုစီဖြင့်လည်းကောင်း အသီးသီး အမည်စာရင်းတင်သွင်းခံခဲ့ရသည်။

ဆုရအနုပညာရှင်များကို အွန်လိုင်းမှ မဲပေးရွေးချယ်ဆုံးဖြတ်ပေးသွားမည်ဖြစ်ပြီး ဆုပေးပွဲကို နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ **အင်တာနက်။**

**အောဝမ်းစိုး**

○ **ကျောဖုံးမှ**

ယခုတွင် အသင်းနှင့်အတူ လေ့ကျင့်ခန်းပြန်ဆင်းခွင့်ပေးပါရန် အသက် (၂၇) နှစ်ရှိ တီဗက်ဇ်က တောင်းဆိုလာသည်။ သို့သော် မန်စီးနီကမူ ၎င်း၏ ဆုံးဖြတ်ချက်များကို မပြင်ဘဲ တီဗက်ဇ်ကို အရန်အသင်းတွင်သာ လေ့ကျင့်ခန်းဆင်းခွင့်ပေးရန် တာဝန်ရှိသူများကို ညွှန်ကြားထားသည်။

ထိုသို့သော အခြေအနေမျိုးတွင် ဘရာဇီးကလပ် ကိုရင်သီယန်မှ အထွေထွေမန်နေဂျာဖြစ်သူ အီဒူးမှာ လန်ဒန်သို့ ရောက်နေပြီး တီဗက်ဇ်ကို ဘရာဇီးသို့ ခေါ်ယူနိုင်ရေး နောက်ထပ်တစ်ကြိမ် ထပ်မံဆွေးနွေးသွားရန် စီစဉ်နေကြောင်း သိရသည်။ **အင်တာနက်။**

**ဟန်သစ်**

# ဟာနန်ဒက်ဇ်ကို ရီးယဲလ်က ခေါ်ယူလို

**မက်ဒရစ် အောက်တိုဘာ ၁၂**

ရီးယဲလ်မက်ဒရစ်အသင်းသည် မန်ယူနှင့်စာချုပ်သက်တမ်းတိုးမြှင့်ရန် ပြင်ဆင်နေသည့် ဟာနန်ဒက်ဇ်ကို ခေါ်ယူလိုသည်ဟု မီးစိမ်းပြလိုက်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အဆိုပါ မက္ကဆီကိုသားလေးကို ပေါင်သန်း ၃၀ ပေး၍ ကမ်းလှမ်းသွားမည်ဟု ဆိုသည်။ သို့သော် ဟာနန်ဒက်ဇ်ကမူ မိမိအနေဖြင့် မြေတောင်မြှောက်ပေးခဲ့သည့် မန်ယူအသင်းအပေါ် သစ္စာရှိသွားမည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

**အင်တာနက်။**

## ယူရို ၂၀၁၂ ခြေစစ်ပွဲရလဒ်များ

| | | | |
|---|---|---|---|
| ဂျာမနီ | ၃ | ၁ | ဘယ်လ်ဂျီယံ |
| ရုရှား | ၆ | ၀ | အင်ဒိုရာ |
| အီတလီ | ၃ | ၀ | မြောက်အိုင်ယာလန် |
| စပိန် | ၃ | ၁ | စကော့တလန် |
| ဒိန်းမတ် | ၂ | ၁ | ပေါ်တူဂီ |

## ပြည်သူ့ထံမှ ပေးစာများ

# မီလ္လာစည်းကမ်းမဲ့စွန့်ပစ်မှု တားဆီးပေးပါ

**စာတည်းခင်ဗျား -**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် သုဓမ္မာလမ်းမကြီး နွယ်နီကားမှတ်တိုင်အနီးရှိ အိမ်တစ်အိမ်သည် မိလ္လာကျင်းမရှိဘဲ စည်းကမ်းမဲ့စွန့်ပစ်နေသောကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူများ**

# အန္တရာယ်ရှိသစ်ပင်ကြီး ရှင်းလင်းစေချင်

**စာတည်းခင်ဗျား -**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဗဟိုလမ်း(ယခင်မင်းကြီးလမ်း)အမက(၃) အင်းစိန် ကျောင်းရှေ့ရှိ နှစ်ပေါင်းများစွာက ကုက္ကိုပင်ကြီးသည် မကြာခဏသစ်ကိုင်းခြောက်များ ကျိုးကျခြင်းကြောင့် ကျောင်းကြို၊ ကျောင်းပို့မိဘများနှင့် ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များမှာ ဆွေးမြည့်သစ်ကိုင်းများ၏အန္တရာယ် စိုးရိမ်နေရပါသဖြင့် ခုတ်ထွင်ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ကျောင်းသားမိဘများ**

# ဆောင်းဘောက်သံဆူညံ နားမခံသာ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်မီးရထားဝင်းသံလမ်းဘေး အုတ်တံတိုင်းအနီးရှိ လက်ဖက်ရည်ဆိုင်သည် ညဉ့်နက်သည်အထိ ဆောင်းဘောက်ဖြင့် သီချင်းများ၊ ဗီဒီယိုဇာတ်ကားများ ဆူညံစွာဖွင့်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဆူညံသံမခံနိုင်သူ**

## သထုံရေကျော်လမ်းသွယ် ပြုပြင်ပြီးစီး

၂၀-၉-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ ပြည်သူ့ထံမှ ပေးစာများကဏ္ဍတွင် သထုံမြို့ရေကျော်လမ်းသွယ် ပြုပြင်ပေးစေချင်ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

# ချင်းတွင်းမြစ်၏ ရေဝေရေလဲဂေဟစနစ်များ ပျက်စီးမှုမရှိရေး ထိန်းသိမ်း ဟေဗိတစ်ထောင်ဒေသရှိ သဘာဝတောကျွန်များ ပိုမိုဖွံ့ဖြိုးရန် ကာကွယ်

နေပြည်တော် အောက်တိုဘာ ၁၂

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တည်ထောင်ထားသည့် စိုက်ခင်းအမှတ် (၁/၂၀၁၀) သီးနှံသစ်တောရောနှောစိုက်ပျိုးသည့် ရေဝေရေလဲစိုက်ခင်း ၁၂၅ ဧက စိုက်ခင်းအတွင်း သေပင်အစားထိုး စိုက်ပျိုးခြင်း၊ ပေါင်းရှင်းခါးဆွ၊ မြေတောင်မြှောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်စစ်ဆေးသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆားလင်းကြီးမြို့နယ်သည် မိုးရွာသွန်းမှုနည်းပါးသည့် အပူပိုင်းဒေသတစ်ခုဖြစ်သဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ အဓိက တာဝန်ကြီး(၄)ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ စိုက်ခင်းတည်ထောင်ရာတွင် အကြီးမြန်သည့် ယူကလစ် သစ်မျိုးကိုသာမက ရေရှည်တွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ပိုမိုကောင်းမွန်သည့် ဒေသသစ်မျိုးများကိုလည်း ထည့်သွင်းရောနှောစိုက်ပျိုးကြရန်၊ ချင်းတွင်းမြစ်၏ ရေဝေရေလဲဧရိယာများ၊ သဘာဝပတ်ဝန်းကျင်ရှိ ဂေဟစနစ်များ ထိခိုက်ပျက်စီးစေမှု မရှိစေရေး ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းကြရန်တို့ကို မှာကြားသည်။

ထို့နောက် မုံရွာမြို့ရှိ မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၇၅)သစ်စက်နှင့် အမှတ်(၁) သစ်ပါးလွှာ အထပ်သားစက်တို့ကို လှည့်လည်စစ်ဆေးပြီး ကျွန်းနှင့်သစ်မာများ ခွဲစိတ်ရာတွင် ထွက်ရှိနိုင်သမျှ အသေးငယ်ဆုံးအရွယ်အစားအထိ ခွဲစိတ်ကြရန်၊ သစ်ခွဲသားထွက်ရှိမှု ရာခိုင်နှုန်းကိုလည်း ပါဝါတိုးမြှင့်ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ မိမိစက်ရုံအလုပ်ရုံအတွင်း ဝန်ထမ်းများ အလုပ်ခွင်ပျော်ရွှင်စေမည့် စိမ်းလန်းစိုပြည်သာယာသည့် သဘာဝပတ်ဝန်းကျင်ကောင်း ရရှိရေး

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့☆**

## ကြည့်ရှုစစ်ဆေး

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မုံရွာမြို့ရှိ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၅) အထပ်သားစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



# သီတင်းကျွတ်လပြည့်နေ့အခါသမယ နေပြည်တော်တစ်ခွင်၌ မီးရောင်စုံများဖြင့် လှပ



သီတင်းကျွတ်လပြည့်နေ့ ညပိုင်းတွင် နေပြည်တော်ရှိ ပဒုမ္မာကြာပန်းအဝိုင်း၌ လျှပ်စစ်မီးရောင်စုံများဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်အဖြစ် ညှိထွန်းပူဇော်ထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၂**

ယနေ့သည် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အများပြည်သူတို့၏ အားလပ်ရက်ဖြစ်သည်နှင့်အညီ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ဝတ္တကမြေအတွင်း ဆင်ဖြူတော်ရတနာဆောင်ရှိ ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီနှင့် ဆင်ဖြူတော်ရတနာ နန္ဒဝတီတို့အား လာရောက်ကြည့်ရှု လေ့လာကြသည့် ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ထို့အတူ နေပြည်တော်ရေပန်းဥယျာဉ်၌လည်း ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများ တစ်ဦးချင်းအလိုက်၊ အဖွဲ့လိုက် လာရောက်အပန်းဖြေအနားယူကြပြီး အထူးသဖြင့် ညဦးပိုင်းတွင် ရေပန်းဥယျာဉ်၏ ပန်းမန်အလှများ၊ ပုံဖော်အလှပင်များနှင့် ရေပန်းပဒေသာ၊ ရေပန်းအောက်လျှောက်လမ်း၊ ရေတံခွန်အလှနှင့် ရေပန်းအကများကို ပျော်ရွှင်မြူးထူးစွာ ကြည့်ရှုအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင် နေပြည်တော်တစ်ခွင်လုံး၌ ဆီမီးရောင်စုံတို့ဖြင့် လှပဝေဆာလျက်ရှိပြီး ဝန်ကြီးဌာနရုံးများ၊ နေပြည်တော်မြို့တော်ခန်းမ၊ နေပြည်တော်စာတိုက်ကြီး၊ ကျောက်မျက်ရတနာပြတိုက်၊ မြို့မဈေး၊ သပြေကုန်းဈေး၊ နေပြည်တော် Junction Centre၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ပဒုမ္မာကြာပန်းအဝိုင်းနှင့် ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးပုံးများ၊ လျှပ်စစ်မီးရောင်စုံများဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်အဖြစ် ညှိထွန်းပူဇော်ထားသည်ကို တွေ့ရှိရသည်။ (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

## မှတ်ပုံမတင်ထားသော မော်တော်ယာဉ်အား နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်

"အများပြည်သူဆိုင်ရာ လမ်းများပေါ်၌ မှတ်ပုံမတင်ထားသော မော်တော်ယာဉ်အား စစ်ဆေးတွေ့ရှိပါက ယာဉ်မောင်းနှင်သူအား ဖမ်းဆီးတရားစွဲဆို၍ ယာဉ်အား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်"

ပြည်တွင်းသတင်း စာမျက်နှာ - ၂

## ကိုရီးယားမင်းသား ရိန်း စစ်မှုထမ်းဆောင်ပြီ

"တောင်ကိုရီးယား အမျိုးသားတိုင်း မဖြစ်မနေ ထမ်းဆောင်ရမည့် စစ်မှုထမ်းတာဝန်ကို အောက်တိုဘာ ၁၁ ရက်က စတင်ထမ်းဆောင်ပြီ"



အနုပညာသတင်း စာမျက်နှာ - ၁၀

## အားကစား

# လေ့ကျင့်ခန်းပြန်ဆင်းခွင့်ရရန် တီဗက်ဇ်ခက်ခဲနေဦးမည်

**လန်ဒန် အောက်တိုဘာ ၁၂**

မန်စီးတီးအသင်း၏ တိုက်စစ်မှူး ကာလို့စ်တီဗက်ဇ်သည် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းရန်အတွက် လန်ဒန်သို့ ပြန်ရောက်လာပြီဖြစ်သည်။ သို့သော် နည်းပြမန်စီနီ ဒေါသရှိန်မပြယ်သေးခြင်းကြောင့် တီဗက်ဇ်အတွက် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်ခွင့် ရရှိရန်မှာ ခက်ခဲနေဦးမည်ဖြစ်သည်။

တီဗက်ဇ်အနေဖြင့် ဂျာမန်မြေတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ချန်ပီယံလိဂ်ပွဲတွင် လူစားလဲဝင်ရောက်ကစားရန် ငြင်းဆန်ခဲ့မှုအပေါ် နည်းပြမန်စီနီက အကြီးအကျယ် ဒေါသထွက်ခဲ့သည်။ ထိုစဉ်က တီဗက်ဇ်အနေဖြင့် မန်စီးတီးတွင် မည်သည့်အချိန်တွင်မှ ပါဝင်ကစားခွင့်ရတော့မည်မဟုတ်ဟု နည်းပြမန်စီနီက ဒေါသတကြီး ပြောဆိုခဲ့သည်။

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ❍**



**မန်စီးတီးအသင်းနှင့်လေ့ကျင့်ခန်းဆင်းရန်လန်ဒန်သို့ပြန်လည်ရောက်ရှိလာသည့် တိုက်စစ်မှူးကာလို့စ်တီဗက်ဇ်။**